## မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ်အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၅၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
၂၀၂၆ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ် သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်**
**ဖနောင်ပင်မြို့**

**အဆွေတော် ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော်၊**

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃)ရက်တွင် မြန်မာနိုင်ငံ၏ လွှတ်တော်က အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ကမ္ဘောဒီးယားနိုင်ငံတော်၏ အထက်လွှတ်တော်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား ကျွန်ုပ်၏စိတ်ရင်းမှန်ဖြင့် ဂုဏ်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ကြီးမားလာသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှုတို့ကို အလွန်တန်ဖိုးထားပါသည်။ ၎င်းတို့သည် ယဉ်ကျေးမှုနှင့်ဘာသာရေးဆက်နွယ်မှုများအပြင် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ဖြင့် နက်ရှိုင်းစွာဆက်စပ်လျက်ရှိပါသည်။ ဤဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုသည် အဆွေတော်၏ ရာထူးသက်တမ်းအတွင်း မိမိတို့၏ပိုမိုလက်တွေ့ကျသော အပြန်အလှန်အကျိုးစီးပွားအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ကျွန်ုပ်သည် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ မိတ်ဖက်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်စေမည်ဖြစ်သည်။ နှစ်နိုင်ငံ ပြည်သူများ၏အကျိုးအတွက်သာမက ဒေသတွင်းနှင့်ဒေသတွင်းကိုကျော်လွန်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြလျက် အဆွေတော်ကျန်းမာပျော်ရွှင်၍ လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့ပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

**ဟွန်ဆင်**

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

နေပြည်တော် မေ ၇

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၈၁ ဦး

**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၈ ရက်)

## ဝမ်းသာဂုဏ်ယူခြင်းမြောက်မြားစွာဖြင့်ပေးပို့သည့်သဝဏ်လွှာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်တွင်းပြည်ပရှိအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့လျက်ရှိသည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Ms. Ma Jia ကလည်း ဧပြီလ ၆ ရက်တွင် လူကိုယ်တိုင်လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး မစ္စတာရှီကျင့်ဖျင်ကပေးပို့သည့်ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို လက်ရောက်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက **"အဆွေတော်အား နိုင်ငံတော်သမ္မတကြီးအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရမှုအပေါ် မိမိအနေဖြင့်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြားဆက်ဆံရေးကောင်းမွန်အောင်ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်းကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏စွမ်းဆောင်မှုများအောက်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုဖြစ်လာမည်ဟုယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်လာမည်ဟုယုံကြည်ပါကြောင်း"**ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းကြေညာပြီးနောက်ပိုင်း ပြည်ပနိုင်ငံသံတမန်များအနက် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးသည် ပထမဆုံးလာရောက်တွေ့ဆုံသည့်သံအမတ်ဖြစ်သည်။ ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်အနေဖြင့်လည်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ပြီးနာရီပိုင်းအတွင်းဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။ အိမ်နီးနားချင်းမိတ်ဆွေကောင်းနိုင်ငံတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပေါ်ထောက်ခံမှုပြသခြင်းပင်ဖြစ်သည်။

နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁ တွင် "နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကိုစောင့်ထိန်းသည်" ဟူ၍ပြဋ္ဌာန်းထားသည်နှင့်အညီ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိသောနိုင်ငံဖြစ်သည်။ ချစ်စကိုရှည်စေမုန်းစကိုတိုစေဆိုသည့်အတိုင်း နိုင်ငံအားလုံးအပေါ်တွင် မိတ်ကောင်းဆွေကောင်းနိုင်ငံအဖြစ် ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်ထားရှိသည်။

နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံနေသည့်အတွက် နိုင်ငံပေါင်းများစွာကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့လျက်ရှိရာ ဧပြီလ ၃ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှလည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံမှလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တာရာ့နီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်ထံမှလည်းကောင်း၊ ဧပြီလ ၄ ရက်တွင် နီကာရာဂွါသမ္မတနိုင်ငံပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ်အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယို မူရီလိုတို့ထံမှလည်းကောင်း၊ ဧပြီလ ၅ ရက်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Sihasak Phuangketkeowထံမှလည်းကောင်း၊ ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ်ထံမှလည်းကောင်း၊ နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်ထံမှလည်းကောင်း၊ ဧပြီလ ၆ ရက်တွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ်ထံမှလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှလည်းကောင်း၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမီချိ ဝါတာနာဘေးထံမှလည်းကောင်း၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိခို တာကခုတို့ထံမှလည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကိုအသီးသီးပေးပို့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်စေတနာမေတ္တာအပြည့်ဖြင့်ဆောင်ရွက်ချက်များကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏အနာဂတ်ကိုပိုမိုကောင်းမွန်စွာဦးဆောင်နိုင်သူအဖြစ် ပြည်သူလူထုကယုံကြည်သလို ပြည်ပနိုင်ငံခေါင်းဆောင်များကလည်းအပြည့်အဝယုံကြည်ကြသည်။ ထို့ကြောင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့နေခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပသွားနိုင်ရေး ကြိုတင်ပြင်ဆင်

မြောင်းမြ ဧပြီ ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိရာ တာဝန်ရှိသူများက ဧပြီလ ၆ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

မြောင်းမြမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၏ ဦးဆောင်မှုဖြင့် နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဧပြီလ ၁၃ ရက် အကြိုနေ့မှ ဧပြီလ ၁၆ ရက် အတက်နေ့ထိ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့များ၊ တာဝန်ရှိသူများက ယိမ်းအကပြိုင်ပွဲအတွက် အကလေ့ကျင့်နေမှုများ၊ ဗဟိုမဏ္ဍပ်ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုသည်။ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အကပြိုင်ပွဲများ၊ သက်ကြီးပူဇော်ပွဲ၊ နှစ်ဆန်းတစ်ရက်နေ့ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ဗဟိုရေကစားမဏ္ဍပ်ဆောက်လုပ်၍ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဖြင့် ရေပက်ကစားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နှစ်သစ်ကူးမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်းကမ်းရှိရှိ၊ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာကျင်းပနိုင်ရန်နှင့် အများပြည်သူများလုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာ (မြန်/ဆက်)

 မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## "မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် (၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှသတိပြုရန်အချက်များ"

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝိုးတက်)မပါဘဲမမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော် ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့်ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှသွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာ ခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီလ ၁၈ ရက်(စနေနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## သဲကုန်းမြို့နယ်၌ အရုပ်ဆက်ပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ




သဲကုန်း ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ဧပြီလ ၆ ရက်က အရုပ်ဆက်ပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးပြုတတ်စေရန်၊ ကလေးများအချင်းချင်း အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်တတ်စေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားပြီး ဖြတ်ထိုးဉာဏ်များ ကောင်းမွန်လာစေရန်ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အရုပ်ဆက်ပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသောကျောင်းသား၊ ကျောင်းသူများနှင့် ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရ ဆုလက်ဆောင်များ အသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

## ပြည်တွင်း ပြည်ပမှ ဝယ်လိုအားများနေခြင်းကြောင့် မန္တလေးပဲနှမ်းဈေးကွက်၌ မြေထောက်ပဲများ အရောင်းအဝယ်သွက်နေ

မန္တလေး ဧပြီ ၇

ပြည်တွင်း၊ ပြည်ပမှ ဝယ်လိုအားများနေခြင်းကြောင့် မန္တလေးပဲနှမ်းဈေးကွက်၌ မြေထောက်ပဲများ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေသဖြင့် ဒေသခံ မြေထောက်ပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များ၏ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် မန္တလေးပဲနှမ်းဈေးကွက်သို့ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ ရွှေကူ၊ ကလေး၊ ကလေးဝနှင့် ဂန့်ဂေါ စသည့်ဒေသများမှ ထွက်ရှိသောမြေထောက်ပဲများ ဝင်ရောက်နေပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ အများအပြား ဝယ်ယူနေသည့်အပြင် ပြည်တွင်းစားသုံးမှုလည်း မြင့်တက်လာသဖြင့် အရောင်းအဝယ်သွက်ကာ ဈေးကောင်းရလျက်ရှိသည်။

"မြေထောက်ပဲက ပူပြင်းတဲ့ရာသီနဲ့ မိုးများတဲ့ရာသီတွေကို မကြိုက်တဲ့အတွက် နေရာဒေသတိုင်းမှာ စိုက်လို့မရပါဘူး။ ရာသီဥတုသင့်တင့်မျှတတဲ့ နေရာဒေသတွေမှာသာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ မြေထောက်ပဲကို အောက်တိုဘာလနဲ့ နိုဝင်ဘာလလောက်မှာ စိုက်ပျိုးပြီး ဇန်နဝါရီလလောက်မှာ စတင်ထွက်ရှိပါတယ်။ နှစ်စဉ် ဖေဖော်ဝါရီလကနေ ဧပြီလလယ်လောက်အထိ မန္တလေးဈေးကွက်ထဲကို မြေထောက်ပဲတွေ လှိုင်လှိုင်ဝင်ရောက်လေ့ရှိပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော မြေထောက်ပဲများအနက် ကသာမြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့မှထွက်ရှိသော မြေထောက်ပဲများသည် ပဲလုံးအရွယ်အစားကြီးပြီး ဈေးကွက်အတွင်း ရောင်းအားအကောင်းဆုံးဖြစ်ကာ ဈေးကောင်းလည်းရရှိကြောင်း သိရသည်။

မြေထောက်ပဲသည် နိုင်ငံခြားဝင်ငွေရရှိသော ပဲအမျိုးအစားတစ်ခုဖြစ်သကဲ့သို့ သွင်းအားစုကုန်ကျစရိတ်လည်း လျှော့ချနိုင်ကာ ထွန်ယက်စိုက်ပျိုးစရိတ်သာ အဓိကကုန်ကျသည့်အတွက် တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာနမှ တိုက်တွန်းထားပြီး မြေထောက်ပဲစိုက်တောင်သူများအတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# အရိပ်

မစန္ဒာ

**"သူ့ရှေ့တွင်ရပ်နေသော စုလှိုင်၏မောင်ငယ်က သူ့ကိုမော့ကြည့်နေသည်။ စုလှိုင်၏မျက်လုံးတွင် ထာဝစဉ်တွေ့ရတတ်သော သံသယနှင့် မာနများကို သူ့မျက်လုံးတွင်မတွေ့ရပေ။ ကြည်လင်နူးညံ့သော မျက်လုံးဝိုင်းများတွင် အားငယ်စိုးရွံ့ခြင်းနှင့်အတူ ရောယှက်နေသော မေတ္တာအရိပ်အယောင်များကို တွေ့ရလေသည်. . ."**

**ယမန်နေ့မှအဆက်**

ကျောင်းသွားမည့်ကလေးများ၊ ဆေးရုံပို့ရမည့်လူနာများအတွက်ဆိုလျှင် ညီလင်း အလွန်စိတ်ပါသည်။ အမူးသမားများတက်လာလျှင်တော့ စိတ်ညစ်ရသည်။ ညပိုင်းရောက်ပြီး လမ်းဘေး၌ ယိုင်ထိုးယိုင်ထိုးနှင့်လက်ပြတားနေသူကိုတွေ့ပါက လက်ခါပြပြီး တစ်ချိုးတည်း မောင်းပြေးတတ်သည်။ အမူးသမားများက မပီမသနှင့် ကလော်ဆဲရင်း ကျန်ရစ်တတ်လေသည်။

'မေမေ၊ ကားဆရာကြီးနာမည်က ညီလင်းညိုတဲ့'

ဂါဝန်စိမ်းနှင့်ကလေးလေးက ကားမှန်တွင်ကပ်ထားသော စာရွက်လေးကိုဖတ်ကြည့်ကာ ပြောသည်။

'အဲဒီနာမည်ကို သားကြိုက်တယ်'

ချာတိတ်လေးကပါ ပြောသည်။ ညီလင်းသည် သူတို့ကိုငဲ့ကြည့်ကာ ပြုံးနေမိသည်။ ဖေဖေမေမေတို့ မှည့်သောအမည်ကို သူသည် အသာတကြည် လက်သင့်ခံခဲ့ခြင်းဖြစ်သည်။ တစ်ခါမျှ ရှည်ရှည်ဝေးဝေး မစဉ်းစားခဲ့ပေ။ အနာဂတ်၏ကြယ်ပွင့်လေးများကပါ သူ့အမည်ကို ကြိုက်နှစ်သက်အောင်မှည့်ခေါ်ခဲ့သော မိဘနှစ်ပါးကို ယခုမှ ကျေးဇူးတင်ရကောင်းမှန်း သိလာသည်။

'သားနာမည်ကရော ဘယ်လိုခေါ်လဲ'

'သားနာမည်က ပုံမလာပါဘူး ဦးဦး၊ ဇော်တူးတဲ့'

ချာတိတ်က ကြီးကြီးကျယ်ကျယ်ပြောသည်။ သူ့မိခင်လား၊ အဒေါ်လား မသိရသောအမျိုးသမီးက ဘာမျှဝင်မပြောဘဲ ပြုံးရယ်နေသည်။ ကလေးများ ဘာပြောပြော နှစ်သိမ့်ကျေနပ်နေသောသူဖြစ်မည်ထင်သည်။

ညီလင်း၏ကားက ဖွတ်ချတ်ဖွတ်ချတ်နှင့် မြည်နေသည်။ တကျွီကျွီတအိအိနှင့် အသံစုံလည်းကြားရသည်။ ဘေးမှဖြတ်၍ ကျော်တက်သွားသော မာဇဒါနောက်ဖွင့်ကားပေါ်မှ မိန်းကလေးနှစ်ဦးသည် သူ့ကို အမှတ်မဲ့ကြည့်ပြီး မျက်လုံးပြူးသွားကြလေသည်။ ညီလင်းက သွားဖြဲပြီးရယ်ပြလိုက်သည်။ ညီလင်းနှင့်မျက်မှန်းတန်းမိသော စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူနှစ်ဦးဖြစ်လေသည်။ နောက်တစ်နေ့ သူတို့ကျောင်းရောက်သောအခါ "ဟို ညီလင်းညိုဆိုတဲ့သူလေ၊ သုံးဘီးမောင်းနေတာတွေ့ခဲ့တယ်တော့"ဟူသော သတင်းကို ဖြန့်ချိကြတော့မည်ဖြစ်သည်။

ကျောင်းဝင်းထဲတွင် ကလေးများသည် ပြေးလွှားဆော့ကစားနေကြသည်။ လူချမ်းသာများ၏ သားသမီးများထားသော ကျောင်းပင်ဖြစ်မည်ထင်သည်။ အဖိုးတန်မှန်ကားများသည် တစ်စီးနှင့်တစ်စီး ဖင်ချင်းခေါင်းချင်း ဆက်နေကြသည်။ ထိုအထဲတွင် ညီလင်း၏သုံးဘီးကားစုတ်ကလေးက ကန့်လန့်ကန့်လန့်နှင့် ရယ်စရာကောင်းနေသည်။

ပေါ်တီကိုအောက်တွင် ကလေးများ ဆင်းသွားပြီး ဘီးတစ်ချက် နှစ်ချက်သာ လှိမ့်ရသေးသည်။ သုံးဘီးကားကလေးက အစွမ်းပြတော့သည်။ တဖွတ်ဖွတ် တချတ်ချတ်မြည်ပြီး ထိုးရပ်သွားတော့သည်။ သူ့နောက်ဘက်တွင် ကားကြီးကားကောင်းများက တသီတတန်းကြီးတန်းနေသည်။ ဟွန်းကို တပေါ်ပေါ်နှိပ်နေကြသည်။ ညီလင်းသည် ချွေးများပြန်လာကာ သူ့ကားလေးကို လမ်းဘေးသို့ တွန်းချရလေသည်။

'ကူတွန်းပေးရမလား အစ်ကိုကြီး'

'ရပါတယ်ကွ ပေ့ါပေ့ါလေးပါ'

ညီလင်းက ရပါတယ်ဟု ပြောလိုက်သော်လည်း သေးငယ်ပျော့ပျောင်းသော လက်ကလေးနှစ်ဖက်က သူ့ကားကို နောက်ဘက်မှကူ၍တွန်းပေးသည်။

'ကျေးဇူးပဲချာတိတ်ရာ ကျေးဇူးပဲ၊ ဒီကားစုတ်ကလည်း တပြင်တည်းပြင်ပြီး တပျက်တည်းပျက်နေတယ်'

ညီလင်းက သူ့ဘေးမှကလေးငယ်ကို ကျေးဇူးတင်စကားပြောလိုက်သည်။ ပထမတော့ ခုနကားပေါ်မှပါလာသော ဇော်တူးဟူသောချာတိတ်ကလေး လာတွန်းပေးသည်ဟုထင်လိုက်မိသည်။ သို့သော် အသေအချာကြည့်မိသောအခါမှ ယခုချာတိတ်သည် တခြားတစ်ယောက်ဖြစ်သည်ကို သိရသည်။ ကလေးငယ်သည် သူ့ကိုမော်ကြည့်ရင်း မပွင့်တပွင့်လေး ပြုံးပြလေသည်။

ညီလင်းညိုသည် ကားစက်ဖုံးကိုဖွင့်လိုက်သည်။ ကားငှား၍ မောင်းနေသော်လည်း သူသည် ကားအကြောင်းသိပ်နားလည်သူမဟုတ်သေးပေ။ လေ့လာနေဆဲပင်ရှိသေးသည်။ မည်သည့်နေရာက စက်ချို့ယွင်း၍ ထိုးရပ်သွားသနည်း အပြစ်မရှာတတ်ပေ။ ကားစက်ခေါင်းထဲမှပစ္စည်းများကို ငုံ့ကြည့်ရင်း ခေါင်းကုတ်မိသည်။ ထို့နောက် သက်ပြင်းချသည်။ သူ့ကို စိတ်ဝင်တစားနှင့် စောင့်ကြည့်နေသော သူငယ်လေးကို လှမ်းကြည့်ပြီး စိတ်ပျက်လက်ပျက် ရယ်ပြလိုက်သည်။

'အစ်ကိုကြီးကို ထွန်းသိတယ်'

'ဘယ်သူ့ကို ငါ့ကို'

'ဟုတ်တယ် ထွန်းသိတယ်'

သူကတော့ ဒီသူငယ်လေးကိုမသိပေ။ ဖေဖေ့မိတ်ဆွေတစ်ဦးဦး၏ သားငယ်လေးဖြစ်နိုင်သည်။ သူကတော့ လူကြီးဖြစ်လေသည်။ လူကြီးဟူသည်မှာ လူငယ်လေးများကို အကုန်လုံးမသိနိုင်ပေ။ သို့သော် လူငယ်လေးများကမူ လူကြီးများကို သိကြလေသည်ဟု ညီလင်းက တွေးလိုက်မိသည်။

'ထွန်းတို့အိမ်ကို အစ်ကိုကြီးလာဖူးတယ်'

'ဟုတ်လား'

'လာပြီး မမနဲ့ရန်ဖြစ်တယ်လေ'

'ဟောဗျာ၊ မင်းမမက ဘယ်သူလဲ'

'စုစုလှိုင်'

'ဟင်'

သူ့ရှေ့တွင်ရပ်နေသော စုလှိုင်၏ မောင်ငယ်က သူ့ကိုမော့ကြည့်နေသည်။ စုလှိုင်၏မျက်လုံးတွင် ထာဝစဉ်တွေ့ရတတ်သော သံသယနှင့် မာနများကို သူ့မျက်လုံးတွင်မတွေ့ရပေ။ ကြည်လင်နူးညံ့သော မျက်လုံးဝိုင်းများတွင် အားငယ်စိုးရွံ့ခြင်းနှင့်အတူ ရောယှက်နေသော မေတ္တာအရိပ်အယောင်များကို တွေ့ရလေသည်။

'ဩော်၊ မင်းက စုရဲ့မောင်လေးကိုး'

ညီလင်းက ခပ်တိုးတိုးရေရွတ်လိုက်မိသည်။ ကြိုးစားပြီးမေ့ထားခဲ့သော မိန်းမလှလေးက သူ့အာရုံတွင် ထင်ဟပ်လာသည်။

'မင်းအစ်မ နေကောင်းရဲ့လားဟင်'

ညီလင်းက မေးသောအခါ ထွန်းသည် သူ့နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်းလေး စေ့လိုက်သည်။ ရန်သူလော၊ မိတ်ဆွေလောဟု စူးစမ်းအကဲခတ်နေဟန်ရှိသော သူ့အကြည့်လေးကြောင့် ညီလင်းညိုသည် ပြုံးရယ်လိုက်မိသည်။

'ဘာလဲ မင်းအစ်မက ငါနဲ့စကားမပြောရဘူးလို့ မှာထားသလား'

ထွန်းက ခေါင်းလေးခါပြသည်။ ခုနစ်နှစ်ခန့်သာရှိဦးမည်ဖြစ်သော်လည်း သူ့မျက်နှာလေးသည် တည်ငြိမ်နေသည်။ သာမန်ကလေးငယ်တို့ထက် ပိုမိုသောအတွေ့အကြုံများကြောင့် ကလေးကဲ့သို့ ရွှင်မြူးသွက်လက်ဟန်များသည် သူ့ဆီ၌မရှိကြပေ။

'မမ နေမကောင်းဘူး'

'ဖျားတာလား'

'ထွန်းမသိဘူး၊ မမကို အခန်းထဲမှာ သော့ခတ်ထားတယ်'

'ဘာကွ'

ညီလင်းက အော်လိုက်မိသည်။ သူ့ကိုမော်ကြည့်နေသော ကလေးငယ်၏ဘေးတွင်ထိုင်ချလိုက်ရင်း သူ့ပခုံးလေးများကို ဆုပ်ကိုင်လိုက်သည်။

'မင်းမမကို အခန်းထဲမှာ သော့ခတ်ထားတယ် ဟုတ်လား'

'ဟုတ်တယ်၊ ဆရာဝန်မကြီးလည်း ရှိတယ်'

'နေ နေပါဦး၊ ဘယ်သူက လုပ်ထားတာလဲ'

'ဖေဖေက'

ထွန်းက အသံတုန်တုန်လေးဖြင့်ပြောသည်။ စိတ်မချမ်းမြေ့သော အရိပ်အယောင်သည် သူ့မျက်နှာတွင် ထင်ဟပ်လျက်ရှိသည်။ ညီလင်းက အသက်ကို ရှိုက်၍ရှူလိုက်သည်။ ဦးသာလှိုင်ဟူသည့် စုလှိုင်၏ဖခင်ကို တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ်လေးစားမိသည်။

'မင်းဖေဖေ သိပ်တော်တာပဲ၊ ဒီလိုပဲ လုပ်ရမယ်'

ထွန်းသည် ညီလင်းညိုကို မျက်လုံးအဝိုင်းသားဖြင့်ကြည့်နေလေသည်။

'မမက အော်ငိုတယ်'

ညီလင်း၏ရင်ထဲတွင် စစ်ခနဲ နာကျင်သွားသည်။ လူးလဲနေအောင် ခံစားနေရရှာမည့်မိန်းကလေး၏ဝေဒနာကို တွေးကြည့်မိပြီး ရင်ဆို့သွားလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## အလုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာအသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များပေါ်ထွန်းလာစေရန်နှင့် အသိပညာ ဗဟုသုတများတိုးပွားလာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၆ ရက်က အလုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားတွင် အလုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က လူငယ်နှင့်ခေါင်းဆောင်မှုအကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ Book Club အဖွဲ့ဝင် ဦးတင်မောင်မောင်နှင့် ဦးရင်ကျော်တို့က လူငယ်နှင့်စာပေအကြောင်း၊ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူးအကြောင်းတို့ကို အသီးသီးအသိပညာပေးဟောပြောကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ရွှေလုံသား(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်မှ ဒေသခံတောင်သူများ ရာသီပေါ်မန်ကျည်းသီးမှည့်များ ခူးဆွတ်ရောင်းချပြီး အပိုဝင်ငွေရရှိ

မြို့သစ် ဧပြီ ၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်၌ ဒေသခံတောင်သူများ ရာသီပေါ်မန်ကျည်းသီးမှည့်များ ခူးဆွတ်ရောင်းချပြီး အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း မြို့သစ်မြို့နယ်မှ ဒေသခံတောင်သူများ၏ပြောပြချက်အရ သိရသည်။

"မြို့သစ်မြို့နယ်မှာ အခုလိုနွေဦးရာသီဆိုရင် မန်ကျည်းသီးမှည့်တွေ ခူးဆွတ်ရောင်းချပြီး အပိုဝင်ငွေရရှိကြတယ်။ ဒေသခံတောင်သူတွေက မိုးရာသီဖလာအတိုင်း ဆောင်းသီးနှံတွေ ရိတ်သိမ်းပြီးတဲ့အခါ အနားမနေဘဲ အခုလိုမန်ကျည်းသီးပေါ်ချိန်မှာ မန်ကျည်းသီးမှည့်တွေ ခူးဆွတ်ရောင်းချကြပါတယ်" ဟု မြို့သစ်မြို့နယ်ရှိ ဒေသခံတောင်သူတစ်ဦးကပြောသည်။

မန်ကျည်းပင်များကို တစ်သီးသီးပြီးတိုင်း အကိုင်း၊ အခက်များကို ခုတ်ပေးမှသာ အညွန့်များ၊ အကိုင်းများ အထွက်သန်ကာ နောက်တစ်ကြိမ် ပြန်လည်အပွင့်ပွင့်၊ အသီးသီးချိန်တွင် မန်ကျည်းသီးများ အလုံးထွားလာနိုင်ကြောင်း၊ ထိုသို့အသီးသီးပြီးနောက် ခုတ်လိုက်သောမန်ကျည်းကိုင်းများကို ဒေသခံများက ထင်းအဖြစ်အသုံးပြုကြကြောင်း သိရသည်။

ပြည်တွင်း၌ မန်ကျည်းသီးကို ဟင်းချက်ရာတွင် အသုံးပြုသကဲ့သို့ မြန်မာတိုင်းရင်းဆေးများတွင်လည်း ထည့်သွင်းအသုံးပြုကြကြောင်း၊ ထို့ပြင် မန်ကျည်းသီးကို အိန္ဒိယ၊ တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများသို့လည်း တင်ပို့ကြောင်း သိရသည်။

**ဆောင်းဦး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

### ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း

ဟန္နိုင်းမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်

**အဆွေတော် ဦးမင်းအောင်လှိုင်**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ
အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းကိုယ်စား မိမိကဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ အရေးပါသောအခါသမယသည် အဆွေတော်အပေါ် မြန်မာပြည်သူများ၏ခိုင်မာစွာယုံကြည်မှုကို အထင်အရှားသက်သေပြလျက်ရှိပါသည်။ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့မှုသည် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုများရရှိခဲ့သည့်အပေါ် ပြည်သူများကကျေးဇူးတင်ရှိလျက်ရှိသည်ကို ထင်ဟပ်စေလျက်ရှိပါသည်။

ပြည်သူအချင်းချင်းဆက်ဆံရေးဆိုင်ရာ သံတမန်အသင်း၏ ဥက္ကဋ္ဌအနေဖြင့် အဆွေတော်ထံသို့ သဝဏ်လွှာတိုက်ရိုက်ပေးပို့ခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါသည်။ နိုင်ငံတကာဓလေ့ထုံးတမ်းများအရ ချစ်ကြည်ရေးအသင်းတစ်ခုက နိုင်ငံတော်အကြီးအကဲတစ်ဦးထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာလိပ်မူပေးပို့ခွင့်ရရှိခြင်းမှာ ရှားပါးသည့်အခွင့်အရေးဖြစ်ပါသည်။ မိမိယခုကဲ့သို့ အခွင့်အရေးရရှိခြင်းသည် ပြည်သူအချင်းချင်းသံခင်းတမန်ခင်း၏ အရေးပါမှုအပေါ် အဆွေတော်၏ ထူးခြားသောအမြင်နှင့် ကတိကဝတ်ပြုမှုကို ထင်ဟပ်စေလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း တန်ဖိုးထားလျက်ရှိသည်ကို ပြသလျက်ရှိပါသည်။ ယင်းသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအတွက် ပေါင်းကူးတစ်ခုသဖွယ်ဆောင်ရွက်လျက်ရှိသည့် မိမိတို့အသင်းအတွက် ကြီးမားသောအင်အားတစ်ရပ်ဖြစ်ပါသည်။

အဆွေတော် ရာထူးတာဝန်သစ်ထမ်းဆောင်ချိန်တွင် ဗီယက်နမ်-မြန်မာဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ယခင်ကထက် သာလွန်ကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိတက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အဆွေတော်၏ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ဒေသတွင်းတည်ငြိမ်မှုနှင့် သာယာဝပြောမှု၏ မဏ္ဍိုင်တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဟုယုံကြည်ပါသည်။ မြန်မာနိုင်ငံ၏ တိုးတက်၍ ငြိမ်းချမ်းသည့်ပုံရိပ်ကို ဗီယက်နမ်ပြည်သူများထံသို့ မြှင့်တင်အသိပေးရာတွင် မိမိတို့အသင်းက ယုံကြည်ရသည့် မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

အဆွေတော်အနေဖြင့် စည်းလုံးညီညွတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဦးဆောင်ရာတွင် ကျန်းမာမှု၊ ပျော်ရွှင်မှု၊ အောင်မြင်မှုများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လေးစားမှုဖြင့်

**မစ္စတာ ကြူကုန်းဖုန်**
**ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၇-၄- ၂၀၂၆ စာအမှတ်၊ ဘီ-၂၅၄၆-ဒ၀၁-ယူ

**သို့**
**ဦးမင်းအောင်လှိုင်**
**သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အတွက်ကြောင့် ကျွန်ုပ်အနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ မြင့်မြတ်လှသော တာဝန်ကိုထမ်းဆောင်ရန် ရွေးချယ်ခံရခြင်းသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဆွေတော်၏ကြိုးပမ်းအားထုတ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုကြောင်း ခိုင်မာသောသက်သေအထောက်အထားပင် ဖြစ်ပါသည်။

ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာကာသစူးစမ်းလေ့လာရေးကဲ့သို့သော အရေးကြီးသည့် နယ်ပယ်များတွင် အဆွေတော်၏အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျွန်ုပ်တို့အထူးပင်တန်ဖိုးထားပါသည်။ အဆွေတော်၏ ခိုင်မာသောရပ်တည်ချက်နှင့်အလေးထားဆောင်ရွက်မှုတို့ကြောင့် အဆိုပါကဏ္ဍတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ပါသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ဆက်လက်ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာပါစေကြောင်းနှင့် ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

**Dmitry Vladimirovich Bakanov**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အစိုးရအကြံပေး(ပထမတန်း)**
**အထွေထွေညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကျင်းပ

မုံရွာ ဧပြီ ၇

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့သို့တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ရာခိုင်နှုန်းပြည့်တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကို လွှတ်တော်သို့တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လေးဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး၌ာန ခုနစ်ခုနှင့်ဝန်ကြီးခုနစ်ဦးနည်းသည့်အတွက် ထပ်မံတိုးချဲ့ခန့်အပ်နိုင်ရေး တင်ပြဆွေးနွေးလာသည့်အတွက် လွှတ်တော်ကမှတ်တမ်းတင်ထားရှိကာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကိုတိုင်းဒေသကြီးလွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူကတင်ပြလာသည့်တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဒေါ်လှလှဝင်း၏ အမည်စာရင်းအဆိုပြုချက်ကို လည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်မြင့်မြင့်သိန်း အမည်စာရင်း အဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးဇော်ထူးကို ခန့်အပ်နိုင်ရေးအတွက်ပေးပို့လာသောအဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူ အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ဦးဟန်သိန်း၊ ဒေါ်မိမိစိန်နှင့် ဦးခင်မောင်သိန်းတို့ကို အမည်စာရင်းအဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းကြေညာသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များထုတ်ပြန်

နေပြည်တော် ဧပြီ ၇

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ ရွှေရောင်သမိုင်းလူမှုကယ်ဆယ်ရေးအသင်း၊ မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ-တရုတ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာသယ်ပိုးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်းသိရှိရသည်။

(သတင်း)

## နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခံရမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၃)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

၂။ ထိုသို့ရွေးချယ်တင်မြှောက်ကြရာတွင် နိုင်ငံတော်သမ္မတအဖြစ် **ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**၊ ဒုတိယသမ္မတများအဖြစ် **ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး**တို့က ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

၃။ နိုင်ငံတော်သမ္မတဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာသယ်ပိုးဆောင်ရွက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို သယ်ပိုးဆောင်ရွက်ရာတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤ "ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ"ကို ပေးပို့အပ်ပါသည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောအား ဒုတိယသမ္မတ(၁)အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေးအား ဒုတိယသမ္မတ(၂)အဖြစ်လည်းကောင်း အသီးသီးရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ(NIDP)မှ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီးငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီမှ ဆန္ဒပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "မြန်မာနိုင်ငံစာရေးဆရာအသင်း"က အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ အထွေထွေရွေးကောက်ပွဲကြီးအပြီးတွင်ပြည်သူကတင်မြှောက်ပေးခဲ့သော နိုင်ငံတော်သမ္မတကြီးအဖြစ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယသမ္မတ(၁)ဦးညိုစော၊ ဒုတိယသမ္မတ(၂)ဒေါ်နန်းနီနီအေးတို့အနေဖြင့် နိုင်ငံတာဝန်အား ဆတက်ထမ်းပိုးထမ်းဆောင်မည်ကို ယုံကြည်အားကိုးခြင်းဖြင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗဟိုဥက္ကဋ္ဌနှင့်ဗဟိုကော်မတီအဖွဲ့**
**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ**
**ဗဟိုရုံးချုပ်**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း (MFPTMA) က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်**
**သစ်လုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးမှ အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**အထပ်မြင့်နှင့်အများပြည်သူသုံး**
**အဆောက်အအုံတည်ဆောက်ရေး**
**စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဗိသုကာကောင်စီ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူပါကြောင်းနှင့် သမ္မတကြီးဦးဆောင်မှုနှင့်အတူ အစိုးရအဖွဲ့သစ်၊ လုပ်ငန်းတာဝန်များ ဘက်စုံတိုးတက်အောင်မြင်ပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် **"ရွှေရောင်သမိုင်းလူမှုကယ်ဆယ်ရေးအသင်း"**မှ အထူးပင်လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးကို ပိုမိုစွမ်းဆောင်သယ်ပိုးနိုင်ပါစေကြောင်း ဂါရဝရှေ့ထားရှိသေလေးစားစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

"ရွှေရောင်သမိုင်းလူမှုကယ်ဆယ်ရေးအသင်း"

မရမ်းကုန်းမြို့နယ်၊ မရမ်းကုန်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းအနေဖြင့်အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းဆောင်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတအဖြစ်** ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက်သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရွေးချယ်တင်မြှောက်သည့်အတွက် မြန်မာ-တရုတ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(MCALDF)ကအထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ကောင်းမွန်သောမဟာဗျူဟာများနှင့်အုပ်ချုပ်ရေးစွမ်းအားဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေ၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော စီးပွားရေးစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့အသွင်ကူးပြောင်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာ-တရုတ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း**

# မြိတ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ဆေးဝါးကုသပေးနေမှုများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ အပူဒဏ်အန္တရာယ်ကုသရေးအတွက် ဆောင်ရွက်ထားရှိ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ အပူချိန်ပြင်းထန်မြင့်မားသည့် နွေရာသီကာလအတွင်း အပူဒဏ်သင့်၍ လာရောက်ပြသသော လူနာများအား အချိန်နှင့်တစ်ပြေးညီ ကုသမှုပေးနိုင်ရန်အတွက် လေအေးပေးစက်များ တပ်ဆင်ထားသည့် သီးသန့်အခန်းများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ဖြည့်တင်းထားရှိခြင်း၊ ရေငွေ့ထုတ်ပန်ကာကြီးများ၊ ရေဇလုံကြီးများနှင့် ရေခဲသေတ္တာများ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံဝန်ထမ်းများအား အပူဒဏ်သင့်လူနာများ အရေးပေါ်ကုသမှုအတွက် စနစ်တကျလေ့ကျင့်ထားခြင်းတို့ဖြင့် အပူဒဏ်အန္တရာယ် ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

မြဝတီ





## ၇-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚C | / | ၃၈˚C |
| ရန်ကုန် | ၂၄˚C | / | ၃၇˚C |
| မန္တလေး | ၂၄˚C | / | ၃၈˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ၊

**မိုးထစ်ချုန်း ရွာနိုင်**

နေပြည်တော် ဧပြီ ၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

**၁ ကျောဖုံးမှအဆက်**

ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါအဆန်အထူး DEMU (စပိန်)ရထားနှင့် အစုန်အထူး DEMU(စပိန်) ရထားတို့ ပြေးဆွဲမည့်နေ့ရက်များမှာ ဧပြီလ ၁၀ ၊ ၁၁၊ ၁၂၊ ၁၉ ၊၂၀ ရက်တို့ ဖြစ်သည်။

ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင်အဆန် အထူးလေအိတ်ရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာပြီး ည ၈ နာရီ ၅၅ မိနစ်တွင် ပြည်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူးလေအိတ်ရထားသည် ပြည်မြို့မှ ည ၁၀ နာရီခွဲတွင် စတင်ထွက်ခွာပြီး နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အဆန်အထူးလေအိတ်ရထားနှင့် အစုန်အထူးလေအိတ်ရထားတို့ ပြေးဆွဲမည့်နေ့ရက်များမှာ ဧပြီလ ၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀ ရက်တို့ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းတွင် အဆန်အထူးလေအိတ်ရထားသည် ရန်ကုန်မှ နံနက် ၉ နာရီ ၁၅ မိနစ်မှာ စတင်ထွက်ခွာပြီး မော်လမြိုင်သို့ ညနေ ၆ နာရီတွင်ရောက်ရှိမည်ဖြစ်ကာ ပြေးဆွဲမည့်နေ့ရက်မှာ ဧပြီလ ၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀ ရက်တို့ဖြစ်သည်။ အစုန်အထူးလေအိတ်ရထားသည် မော်လမြိုင်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ရန်ကုန်မြို့သို့ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါအထူးလေအိတ်ရထားပြေးဆွဲမည့် နေ့ရက်များမှာ ဧပြီလ ၁၁၊ ၁၂၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့ဖြစ်သည်။

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့်ရန်ကုန်-မော်လမြိုင်-ရန်ကုန် လမ်းပိုင်းတွင် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP)စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် သုံးရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်/အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်းခြောက်တွဲနှင့် ရိုးရိုးတန်းရှစ်တွဲ၊ ဘရိတ်တွဲတစ်တွဲဖြင့် ဝန်ချိန်ပြည့်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီလ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁) အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ် BEL ရထား၊ အမှတ်(၁) အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် စာပို့ရထား ၊ အမှတ်(၁၅)အဆန်၊ (၁၆)အစုန် ရန်ကုန် – ပဲခူး-ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃၀၁)အဆန်၊ (၃၀၂) အစုန် သာစည်-မန္တလေး-သာစည်ခရီးတို RBE ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်(၇၂)အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅)အဆန်၊ (၆၆)အစုန် အင်းစိန်-ဥက္ကံ-အင်းစိန် ခရီးစဉ်စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ်ရထားများကိုလည်း ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ ခေတ္တရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌အမှတ်(၆၁) အဆန်၊ (၆၂)အစုန် ရန်ကုန်-ပျဉ်းမနား -ပုဂံ ခရီးစဉ်ရထားများကို ဧပြီလ ၁၄ ရက်မှ ၂၀ ရက်အထိ ပြေးဆွဲမှုခေတ္တရပ်နားထားမည် ဖြစ်ပြီး ရထားခရီးစဉ်အားလုံး ဧပြီလ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ် (၁၁)အဆန်၊ အမှတ်(၁၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ်(၆၄)အစုန် လူစီးစာပို့ရထား၊ သာစည်-တောင်ကြီး လမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ် (၁၄၂)အစုန်စာပို့ရထား၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ် (၁၀၃)အဆန်၊ အမှတ်(၁၀၄)အစုန်လော်ကယ်ရထား၊ လက်ပံတန်း-သာရဝေါ လမ်းပိုင်း၌ အမှတ်(၁၉၅) အဆန်၊ အမှတ်(၁၉၆)အစုန်လော်ကယ်ရထား၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂)လူစီးရထားနှင့်ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁) အဆန်၊ အမှတ်(၁၈၂)အစုန်လူစီးရထားများအား သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ်၊ တောင်ကြီး-ပေါမူ ခရီးစဉ်တို့ကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့်ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးအကြံပေးခြင်း လက်တွေ့မီးငြှိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

အုတ်တွင်း ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် ဝန်ထမ်းမိသားစုအိမ်ရာများတွင် စစ်ဆေးအကြံပေးခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဧပြီလ ၆ ရက်က မြို့နယ်သစ်တောဦးစီးဌာနရုံးဝင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်မီးများ အသုံးပြုရာ၌ ခံနိုင်ထန်ထက်ပိုမိုအသုံးမပြုရေး၊ ဟောင်းနွမ်းနေသောလျှပ်စစ်မီးကြိုးများ အသစ်လဲလှယ်အသုံးပြုရေး၊ လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ ဆေးလိပ်သောက်ရာတွင် သတိပြုဆင်ခြင်သင့်သည့်အချက်များ၊ ဖယောင်းတိုင်နှင့် လောင်စာဆီအသုံးပြုရာတွင် သတိပြုလိုက်နာသင့်သည့်အချက်များ၊ အမှိုက်မီးရှို့ရာတွင် လိုက်နာရမည့်အချက်များ သိရှိစေရေး၊ မီးချိတ်မီးကပ်၊ ရေပုံး၊ သဲပုံးများနှင့် မီးသတ်ဆေးဘူးများထားရှိစေရေးနှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီဆက်သွယ်အကြောင်းကြားစေရေး အသိပညာပေးဟောပြောသည်။

ထို့နောက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်သန္ဓေတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပါဝင်သရုပ်ပြကြကြောင်း သိရသည်။**ခင်ခင်မာ(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၇

ယနေ့ နံနက် ၁ နာရီ ၅၃ မိနစ် ၅၀ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှတောင်ဘက် ၄၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မော်လိုက်မြို့၏ အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၆၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ၊ အနက် ၈၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်တွင်းဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း/တံတားများ၊ အဆောက်အဦများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မိုင်းခွဲမီးရှို့ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၈-၄-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၅-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့ မဆင်မခြင်မိုင်းထောင်မှုများကြောင့် ပြည်သူများအတွက် အသက်ဘေးအန္တရာယ်ခြိမ်းခြောက်မှုများ နောက်ဆက်တွဲအဖြစ် ကျန်ရှိနေဦးမည်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၄-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၆၂၅ | ၄၇၄၀ | ၄၇၀၅ | ၄၆၄၀ | ၄၇၄၅ | ၄၇၆၀ | ၄၇၇၅ | ၄၆၉၅ | ၄၅၀၅ | ၄၉၉၀ | ၄၇၁၅ | ၅၀၃၀ | ၄၇၈၅ | ၄၇၅၀ | ၄၇၇၀ | ၅၀၃၀ |
| 95 Ron | ၄၇၈၀ | ၄၈၉၀ | ၄၈၆၀ | ၄၇၉၅ | ၄၉၀၀ | ၄၉၁၅ | ၄၉၃၀ | ၄၈၅၀ | ၄၅၆၀ | ၅၁၄၅ | ၄၈၆၅ | ၅၃၃၅ | ၄၉၄၀ | ၄၉၀၅ | ၄၉၂၅ | ၅၁၈၀ |
| HSD (500 ppm) | ၅၆၈၀ | ၅၇၉၀ | ၅၇၅၅ | ၅၆၉၅ | ၅၇၉၅ | ၅၈၁၀ | ၅၈၂၅ | ၅၇၄၅ | - | ၆၀၂၅ | ၅၇၆၅ | ၆၅၉၀ | ၅၈၃၀ | ၅၈၀၀ | ၅၈၂၀ | ၆၀၆၅ |
| HSD (50 ppm) | ၆၈၀၅ | ၆၉၂၀ | ၆၈၈၅ | ၆၈၂၀ | ၆၉၂၅ | ၆၉၄၀ | ၆၉၆၀ | ၆၈၈၀ | ၄၈၃၀ | ၇၁၇၀ | ၆၈၉၅ | ၇၁၇၅ | ၆၉၆၅ | ၆၉၃၀ | ၆၉၅၅ | ၇၂၁၀ |
| HSD (10 ppm) | ၆၈၀၅ | ၆၉၂၀ | ၆၈၈၅ | ၆၈၂၀ | ၆၉၂၅ | ၆၉၄၀ | ၆၉၆၀ | ၆၈၈၀ | - | ၇၁၇၀ | ၆၈၉၅ | ၇၁၇၅ | ၆၉၆၅ | ၆၉၃၀ | ၆၉၅၅ | ၇၂၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၀၁ | ၄၅၂၃ |
| 95 Ron | ၄၅၅၀ | ၄၆၇၅ |
| HSD (500 ppm) | ၅၄၃၉ | ၅၅၇၇ |
| HSD (50 ppm) | ၆၅၁၅ | ၆၆၇၅ |
| HSD (10 ppm) | ၆၅၁၅ | ၆၆၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



ကျောက်ဆည် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စပါယ်တောကျေးရွာ၌ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းသီးနှံများ စိုက်ပျိုးမည်ဆိုပါက မြေအမျိုးအစားအပေါ်မူတည်၍ ၃ ပေ၊ ၄ ပေ အကျယ် မြေပေါင်များပြုလုပ်ပြီး မျိုးစေ့ချကိရိယာဖြင့် စနစ်တကျ စိုက်ပျိုးရကြောင်း၊ စနစ်တကျစိုက်ပျိုးမှုကြောင့် မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ပေါင်းမြက်ရှင်းလင်းရာ၌ လွယ်ကူခြင်းနှင့် ရေသွင်းရေထုတ်လွယ်ကူသဖြင့် အပင်ဖြစ်ထွန်းမှုကောင်းမွန်ကာ တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၂၀ ကျော်ထွက်ရှိကြောင်း နှမ်းစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

ကျောက်ဆည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နှမ်းသီးနှံများအောင်မြင်ဖြစ်ထွန်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး တောင်သူများနှင့်ပူးပေါင်းပြီး တစ်ဧကပန်းတိုင်အထွက်နှုန်း သေချာသည့် ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းများစိုက်ပျိုးရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် နှမ်းမျိုးစေ့များ ဖြန့်ဝေခြင်း၊ စိုက်ပျိုးခြင်းနှင့် အပင်ပြုစုခြင်းနည်းပညာများအား စနစ်တကျ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# သီပေါမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြော



သီပေါ ဧပြီ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တတ်စေရန်၊သဘာဝဘေးအန္တရာယ်များအကြောင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များအား သိရှိနားလည်စေရန်အတွက်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နီလာစိုးက အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်း၊ ရေဘေး၊ မီးဘေး၊ မြေလျှောင်ဘေး၊ မုန်တိုင်းဘေး၊မြေပြိုခြင်းဘေး၊လျှပ်စီးလက်မိုးကြိုးပစ်ခြင်း စသည့်အန္တရာယ်များ ကြုံတွေ့လာပါက ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းနှင့် ဆောင်ရန်၊ရှောင်ရန်များကို အသိပညာပေးဟောပြောကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွိုင်ကော်မြို့ သီရိမင်္ဂလာဈေး၌ မီးဘေးလုံခြုံရေးအသိပညာပေး




လွိုင်ကော် ဧပြီ ၇

ကယားပြည်နယ် လွိုင်ကော်မြို့ လောခမ္မရပ်ကွက်ရှိ သီရိမင်္ဂလာဈေး၌ မီးလန့်မှုမဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းကို ဧပြီလ ၆ ရက်ညနေပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးနယ်(လ်)ဆင်လှမြိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ခံဝန်ထမ်းများက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာနေပြီဖြစ်သည့်အတွက် ညနေပိုင်းဈေးပိတ်ချိန်များတွင် မီးကြွင်းမီးကျန်မကျန်ရှိစေရေး၊ လျှပ်စစ်မီးပိတ်ခြင်း၊ မိန်းခလုတ်များပိတ်ထားခြင်းများ ပြုလုပ်ရန်အတွက် အသိပညာပေးခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၅)

## MWD Variety Channel

၈-၄-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရွာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၁:၅၀ | နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန် ထင်ရှားတပ်မတော်သားအားကစားသမားများ |
| ၃။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၇:၃၅ | Knowledge Note |

## မြန်မာတို့ရဲ့ အတာသင်္ကြန်

❖ ပိတောက် ရနံ့တွေနဲ့
သင်းပျံ့နေတဲ့ ဂိမှာန်နွေ။
တာသင်္ကြန် ရေသဘင်ပွဲ
ခြိမ့်သဲကြိုနေ။
ခေတ်အဆက်ဆက် ရိုးရာအမွေ
ထိန်းသိမ်းကာလေ ဆင်နွှဲကြ။
အောင်ပါစေ သပြေနုတွေနဲ့
တောင်းဆုခြွေသ။

❖ နွေသဘင် တံလျှပ်ကြားမှာ
ခံစားရတဲ့ ရာသီဇာ။
သောကပူ ဘယာဝေးလို့
ညစ်ကြေးကင်းရန်။
တန်ခူးလ နွေဂိမှာန်
ရောက်ခဲ့ပြန် အချိန်ကျ။
"စိတြ" ခေါ် နက္ခတ်အခါနဲ့
ရာသီ "မိဿ"။

❖ တူးပို့သံ သင်္ကြန်တေးတွေက
ငြိမ့်ငြိမ့်အေး နားဝင်ချို။
မြင်သူတကာ ညွတ်တိမ်းရတဲ့
ယိမ်းလှမှုပို။
ဆရာသမားနဲ့ သက်ကြီးရွယ်အို
စင်ကြယ်စေလို မြတ်ဒါန။
ခေါင်းလျှော်ကာ ကြေးညှော်ရှင်းကြတယ်
မြင်ကွင်းတွေလှ။

❖ စိတ်စေတနာ သဒ္ဓါအလှနဲ့
ကျွေးမွေးကြ တူပျော်ပျော်။
ကြည်နူးဖွယ် တပြုံးပြုံးနဲ့
မုန့်လုံးရေပေါ်။
ဘေးမဲ့လွှတ် ကုသိုလ်တော်
ပြုမြဲနော် ထူးမြတ်ပေ။
နှစ်ကူးမှာ ဆင်နွှဲပျော်
ပွဲတော်မဟာ မြန်မာ့လေ့။
မာပါစေ သာပါစေ
အတာရေ တူယှဉ်ဖျန်းလို့
ချမ်းမြေ့ပျော် ပြည်တစ်ဝန်းမှာ
လန်းဆန်းကြည်မွေ့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

မော်လမြိုင် ဧပြီ ၇

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရောက်ရှိနေရာယူ၍ တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့အစည်းအဝေး စတင်ကြောင်း ကြေညာသည်။



ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့ထားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးမည့် အမည်စာရင်းကို လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပုဂ္ဂိုလ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏ ကိုယ်ရေးအချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေသည်။

ဆက်လက်၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ပေးပို့ထားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့်မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်မည့်ပုဂ္ဂိုလ်များ၏အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် အမည်စာရင်းနှင့်မွန်ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထား ရသူက ပေးပို့ထားသည့် မွန်ပြည်နယ် အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးဆဋ္ဌမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့်သတ္တမနေ့အစည်းအဝေး ကို ဧပြီလ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**စည်သူ(ပြန်/ဆက်)**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကျင်းပ

ဟားခါး ဧပြီ ၇

တတိယအကြိမ်ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရာနှုန်းပြည့်တက်ရောက် သည့်အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ချင်းပြည်နယ် လွှတ်တော်က အတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာနခုနစ်ခုတွင် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အဆိုပြုသည့် ပြည်နယ်ဝန်ကြီးခုနစ်ဦး၏ အမည်စာရင်းအားတင်ပြပြီး တင်ပြသည့် ပြည်နယ်ဝန်ကြီးများသည် သတ်မှတ် အရည်အချင်းနှင့်ကိုက်ညီ ပြည့်စုံမှုရှိ၊ မရှိ စိစစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ တွင် ဆွေးနွေးအတည်ပြုချက်ရယူမည် ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြည်နယ် ဥပဒေချုပ်အဖြစ် ဦးကပ်တလွန်းအား လည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ် အဖြစ်ဦးမောင်မောင်ခင်အားလည်းကောင်း အဆိုပြုတင်ပြခဲ့ပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိ သဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။



ဆက်လက်၍နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် အဆိုပြုသည့် ဦးမြတ်စံနှင့် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများအဖြစ် အဆိုပြုသည့် ဒေါ်မန်ဟောက်ချန်နှင့် ဦးကျော်သောင်းအောင်တို့အား ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံ ထားရသူက တင်ပြရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိ သဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေးပဉ္စမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေးကြေညာ သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

ဘားအံ ဧပြီ ၇

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၂ ဦး အနက် ၂၁ ဦးတက်ရောက်ကြသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးစောမြင့်ဦးက ပြည်နယ်လွှတ်တော်တွင် အတည်ပြုထားသော ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိသဘောတူညီကြသည့်အတွက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးအဖြစ်ဗိုလ်မှူးကြီး စိုးမိုးဝင်း၊ စီမံကိန်းစီးပွားရေးနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးညီညီဇော်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးစောထွန်းအောင်၊ လျှပ်စစ်စွမ်းအင်စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ဦးစောမျိုးမြင့်၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးအောင်လွင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးစယဉ်ဌေး၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးစောခေါင်ပန်ထော့တို့ကို ပြည်နယ်လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးအရေးဆောင်ရွက်ရန်အတွက် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးတင်မောင်လှိုင်၊ မွန်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးမင်းမျိုးမြင့်နိုင်၊ ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ဦးခွန်မြတ်ထူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ကိုရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နော်သန်းသန်းငြိမ်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဦးအောင်စိုးတို့၏အမည်စာရင်းကိုပြည်နယ်လွှတ်တော်သို့တင်သွင်းရာ ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့ထားသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော်တရားသူကြီးနှစ်ဦးအဖြစ် ဒေါ်ခင်စိမ်းဝင်းနှင့် ဒေါ်နွဲ့နွဲ့ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်းကြေညာခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အာဆီယံ ဒုတိယဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးတို့သို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းတက်ရောက်

နေပြည်တော် ဧပြီ ၇

၂၀၂၆ ခုနှစ်၏ အာဆီယံအလှည့်ကျ သဘာပတိအဖြစ်ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံက Virtual အစီအစဉ်ဖြင့် ဧပြီလ ၇ ရက်မှ ၈ ရက်အထိကျင်းပသည့် အာဆီယံ ဒုတိယဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (ASEAN Finance Deputies Ministers' Meeting – AFDM) နှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးများ (ASEAN Finance and Central Bank Deputies' Meeting – AFCDM) ကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးပထမနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်က အာဆီယံအခြေခံအဆောက်အဦရန်ပုံငွေ (ASEAN Infrastructure Fund–AIF) ဖြင့် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ အာဆီယံအာမခံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာဆီယံနယ်စပ်ဖြတ်ကျော်မှုဆိုင်ရာကိစ္စရပ်များ၊ အာဆီယံ အခွန်ဆိုင်ရာကိစ္စရပ်များ၊ အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုများနှင့် အာဆီယံ ငွေတိုက်ဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြရာ အာဆီယံ ဒုတိယဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးကမှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်က ASEAN Climate Finance Policy Platform နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေနှင့် သဘောတရားစာတမ်း(Concept Note) ကို ဆွေးနွေးတင်ပြကြရာ အစည်းအဝေးက အတည်ပြုကြသည်။

နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များအတွက် မထားမနေရ




သူတစ်ပါးထိခိုက်မှုအာမခံဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ရှင်းလင်းဆွေးနွေးခဲ့သည်။

နေ့လယ်ပိုင်းတွင်ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးတွင် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက ၎င်း၏အလှည့်ကျ သဘာပတိအဖြစ်ဆောင်ရွက်သည့်ကာလ အတွင်းဆောင်ရွက်မည့် Priority Economic Deliverables (PEDs) ကိစ္စရပ်များကို တင်ပြရာ အစည်းအဝေးကသဘောတူကြသည်။ ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်က တင်ပြသည့် ASEAN Economic Community (AEC) Strategic Plan 2026–2030 တွင်ပါဝင်သော Finance Sectoral Plan ၏ ဆောင်ရွက်မှုအခြေအနေနှင့် ASEAN Finance Intergration Monitoring Report (AFMIF) 2026 (မူကြမ်း) ကို အစည်းအဝေးက မှတ်တမ်းတင်သည်။ အစည်းအဝေး၏ တွဲဖက်သဘာပတိများနှင့် ASEAN Senior Level Committee မှ တွဲဖက်သဘာပတိများက တင်ပြကြသည့် အာဆီယံဘဏ္ဍာရေးနှင့်ငွေရေးကြေးရေး ပေါင်းစည်းမှုဆိုင်ရာလမ်းပြမြေပုံအကောင်အထည်ဖော်မှုအခြေအနေများ၊ Cadmus Group ကတင်ပြသော AEC Blueprint 2025 အကောင်အထည်ဖော်မှု၏ရလဒ်များ၊ Project Revive လုပ်ငန်းအဖွဲ့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အစည်းအဝေးက အတည်ပြုကြပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်ကတင်ပြသည့် အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု (ASEAN–ADB Strategic Partnership) ဆိုင်ရာကိစ္စရပ်များကို အစည်းအဝေးက မှတ်တမ်းတင်ကြသည်။

ယင်းအစည်းအဝေးများအား ဧပြီလ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဧပြီလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အကြိမ်(၃၀)မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတို့အား Virtual အစီအစဉ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်နှင့်တာချီလိတ်ခရိုင်တို့အတွင်း မီးခိုးမြူငွေ့ဖြစ်ပေါ်မှုလျှော့ချရေးအတွက် Fire hotspot ဖြစ်ပွားမှုများနှင့်မြေအသုံးချမှုများအား ဝေဟင်မှကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများသည် ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်တို့အတွင်း Fire hotspot ဖြစ်ပွားလေ့ရှိသည့်နေရာများနှင့်မြေအသုံးချမှုပြောင်းလဲမှုများကို ဝေဟင်မှကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင်နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့်အဖွဲ့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ကျိုင်းတုံခရိုင် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌတို့နှင့်အတူ ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်တို့အတွင်း မြေအသုံးချမှုများ၊ Fire hotspot ဖြစ်ပွားမှုများနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုလျှော့ချနိုင်ရေးအတွက် ဝေဟင်မှကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးရေးဟောပြောပွဲကိုကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက "နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသောင်းနိုင်ဦးက "ရာသီဥတုပြောင်းလဲမှု၊ တောမီးနှင့် မီးခိုးမြူငွေ့တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "မီးခိုးမြူငွေ့ကင်းစင်ဖို့ စိုက်နည်းစနစ်များပြောင်းကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်း/ တပ်ဖွဲ့များမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင်ကျိုင်းတုံမြို့နယ်လွိုင်မွေမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကိုကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်တို့အတွင်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသသစ်တောများထိန်းသိမ်းရေး၊ သဘာဝရေထွက်များ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးအတွက် တောမီးလောင်ကျွမ်းမှုများ တားဆီးကာကွယ်ခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမီးရှို့ခြင်းနှင့် ကျေးရွာအမှိုက်များမီးရှို့ခြင်းတို့ကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# (၇-၄-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၁၀၄,၀၃၉.၅၆ | ၈,၅၉၂,၀၂၈.၉၄ | ၂၃,၈၂၇,၀၂၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း ကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၂၃ သန်းကို ရောင်းချပေးခဲ့ပါသည်။


မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ၂၀၂၆ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ(FPM-377C)ဖြင့် လေထုအတွင်း 2.5µm နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$)စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65)ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မတ်လအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၉ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၂၁ ရက်၊ ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ($PM_{2.5}$)မှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၈ ရက်နှင့် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၁၈ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**





ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှု ကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၆ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ပုံ(၁)

၂၀၂၆ ခုနှစ် မတ်လအတွင်း စခန်း ၂၂ စခန်းတို့မှ မိုးရေနမူနာများစုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၂ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှစံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၂ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်းတွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




**၂၀၂၆ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ |
| ၃ | လားရှိုး | ၆.၆ |
| ၄ | တောင်ကြီး | ၆.၈ |
| ၅ | မိုင်းဆတ် | ၆.၆ |
| ၆ | ကျိုင်းတုံ | ၇.၁ |
| ၇ | စစ်ကိုင်း | ၆.၅ |
| ၈ | ဟားခါး | ၇.၁ |
| ၉ | ညောင်ဦး | ၆.၉ |
| ၁၀ | မုံရွာ | ၆.၈ |
| ၁၁ | ပျဉ်းမနား | ၆.၅ |
| ၁၂ | ပြင်ဦးလွင် | ၆.၉ |
| ၁၃ | ကလေးဝ | ၆.၉ |
| ၁၄ | ရန်ကုန် (ကမ္ဘာအေး) | ၆.၈ |
| ၁၅ | မော်ဘီ | ၆.၈ |
| ၁၆ | အောင်လံ | ၇.၂ |
| ၁၇ | လှိုင်ကော် | ၆.၈ |
| ၁၈ | စစ်တွေ | ၇.၃ |
| ၁၉ | ပြည် | ၇.၂ |
| ၂၀ | ပုသိမ် | ၆.၅ |
| ၂၁ | မအူပင် | ၇.၂ |
| ၂၂ | ဘားအံ | ၆.၇ |

# တန်ဖိုးထားထိန်းသိမ်းရမည့် သဘာဝပတ်ဝန်းကျင်

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

**သဘာဝပတ်ဝန်းကျင်သည်နိုင်ငံ၏ရတနာ**

ရတနာဆိုသည်မှာ မြတ်နိုးထိန်းသိမ်းအပ်သည့် အရာဟူ၍ အဓိပ္ပာယ်ရသည်။ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်သဘာဝပတ်ဝန်းကျင်ရှိသည်။ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို နိုင်ငံသားတိုင်းက တန်ဖိုးထား ထိန်းသိမ်းရမည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အပေါ် နိုင်ငံသားတိုင်းသည် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် မှီခိုအားထားနေရ သောကြောင့်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏သဘာဝ ပတ်ဝန်းကျင်ကို တန်ဖိုးထားထိန်းသိမ်းနေရမည့် ရတနာတစ်ပါးဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် နိုင်ငံနှင့်နိုင်ငံသား များအား တန်ဖိုးကြီးမားလှသော ကောင်းကျိုး အဖြာဖြာကိုပေးသည်။ ယင်းကောင်းကျိုးများအနက် အဓိကအချက်အချို့ကို အောက်ပါအတိုင်းတင်ပြ လိုသည်။

**❍ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်းဖြင့် ရရှိလာသော အကျိုးတရားများမှာ ကျွန်ုပ်တို့အမိနိုင်ငံကို ကောင်းသောဂုဏ်သတင်းဖြင့် ကျော်ကြားလာခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကြံ့ခိုင်တောင့်တင်းလာခြင်း၊ နိုင်ငံသားများကျန်းမာကြံ့ခိုင်လာခြင်း၊ နိုင်ငံသားများ စိတ်ဓာတ်ကြံ့ခိုင်မြင့်မား လာခြင်း၊ နိုင်ငံသားများတွင် နိုင်ငံချစ်စိတ်ဖြစ်ပေါ်မြင့်မားလာခြင်း၊ နိုင်ငံ၏ ရာသီဥတုသာယာမျှတလာခြင်း၊ နိုင်ငံ၏နိုင်ငံတကာဆက်ဆံရေးအခန်းကဏ္ဍ အောင်မြင်မှုရရှိလာခြင်း စသည့်အချက်(၈)ချက်ဖြစ်...**

**သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံ၏ဂုဏ်သတင်း**

နိုင်ငံတိုင်းသည် ကောင်းသောဂုဏ်သတင်းဖြင့် ကျော်ကြားနေရန် လိုအပ်သည်။ ကောင်းသော ဂုဏ်သတင်းဖြင့် ကျော်ကြားနိုင်ရန်အတွက် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် များစွာအရေးပါသည်။ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်တွင် သာယာလှပ ရှုမောဖွယ်ကောင်းသော၊ ခံ့ညားထည်ဝါသော၊ သဘာဝသွင်ပြင်လက္ခဏာရပ်များရှိနေပါက နိုင်ငံ သည် ကောင်းသောဂုဏ်သတင်းဖြင့်ကျော်ကြား သည်။ အကယ်၍ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်တွင် သာမန်သဘာဝသွင်ပြင်လက္ခဏာရပ်များသာ ရှိနေပါက နိုင်ငံ၏ဂုဏ်သတင်းသည် ကျော်ကြားမည် မဟုတ်ပေ။ ဤသဘောမှာ နိုင်ငံတစ်နိုင်ငံသည် ကောင်းသောဂုဏ်သတင်းဖြင့် ကျော်ကြားရေးတွင် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အတိုင်းအတာ တစ်ခုအထိအရေးပါသည်ဆိုသည်ကို ပြဆို နေခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်နေသည်နှင့်အမျှ အမိနိုင်ငံသည် သာယာ လှပသောနိုင်ငံဟူ၍ ကောင်းသောဂုဏ်သတင်းဖြင့် အစဉ်ကျော်ကြားနေမည်ဖြစ်သည်။ သဘာဝပတ်ဝန်း ကျင်ကို ကျွန်ုပ်တို့ထိန်းသိမ်းကာကွယ်နေခြင်းသည် အမိနိုင်ငံအား ကောင်းသောဂုဏ်သတင်းဖြင့် အစဉ်ကျော်ကြားနေရန် ကျွန်ုပ်တို့ကြိုးပမ်းဆောင် ရွက်နေခြင်းပင်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်နှင့်နိုင်ငံဖွံ့ဖြိုးမှု**

နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ် သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် များစွာအရေးပါသည်။ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်တွင် နိုင်ငံကိုဖွံ့ဖြိုး တိုးတက်စေမည့် အဖိုးတန်သဘာဝအရင်းအမြစ် အမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ အခွင့်အလမ်း အမျိုးမျိုးတို့တည်ရှိနေပါက နိုင်ငံဖွံ့ဖြိုးတိုးတက် သည်။ သဘာဝပတ်ဝန်းကျင်တွင် နိုင်ငံကိုဖွံ့ဖြိုး တိုးတက်စေမည့် အဖိုးတန်သဘာဝအရင်းအမြစ် အမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ အခွင့်အလမ်း အမျိုးမျိုးတို့မရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိမည် မဟုတ်ချေ။ ဤသဘောသည် နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးတွင် သဘာဝပတ်ဝန်းကျင်သည် အတိုင်းအတာ တစ်ခုအထိ အရေးပါသည်ဆိုသည့်အချက်ကို ပြဆို နေခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်နေသည်နှင့်အမျှ အမိနိုင်ငံသည် ဖွံ့ဖြိုး တိုးတက်၍နေမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပေးနေခြင်းသည် အမိနိုင်ငံအား ဖွံ့ဖြိုးတိုးတက်အောင် ကျွန်ုပ်တို့ကြိုးပမ်းဆောင်ရွက် နေခြင်းပင်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံကြံ့ခိုင်မှု**

နိုင်ငံတိုင်းသည် အင်အားအမျိုးမျိုး ကြံ့ခိုင် တောင့်တင်းနေရန်လိုအပ်သည်။ နိုင်ငံ၏အင်အား အမျိုးမျိုး ကြံ့ခိုင်တောင့်တင်းနေရန်အတွက် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် များစွာအရေးပါသည်။ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်တွင် နိုင်ငံ၏အင်အား အမျိုးမျိုးကို ပြည့်ဝကြံ့ခိုင်စေမည့်သဘာဝစွမ်းအား အမျိုးမျိုးတည်ရှိနေပါက နိုင်ငံအနေဖြင့် အား အမျိုးမျိုးပြည့်ဝမြင့်မားလာပြီး ကြံ့ခိုင်တောင့်တင်း လာသည်။ သဘာဝပတ်ဝန်းကျင်တွင် နိုင်ငံ၏ အားအမျိုးမျိုးကို ပြည့်ဝကြံ့ခိုင်စေမည့် သဘာဝ စွမ်းအားအမျိုးမျိုးမရှိပါက နိုင်ငံ၏အားအမျိုးမျိုး ယုတ်လျော့ပြီး နိုင်ငံကြံ့ခိုင်တောင့်တင်းမည်မဟုတ် ချေ။ ဤသဘောသည် ကြံ့ခိုင်တောင့်တင်းသောနိုင်ငံ အဖြစ် ရပ်တည်နိုင်ရေးတွင် နိုင်ငံ၏သဘာဝ ပတ်ဝန်းကျင်သည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်ဆိုသည့်အချက်ကို ပြဆိုနေခြင်းဖြစ် သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် နေသည်နှင့်အမျှ အမိနိုင်ငံသည် ကြံ့ခိုင်တောင့်တင်း၍ နေမည်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် ပေးနေခြင်းသည် အမိနိုင်ငံအား ကြံ့ခိုင်တောင့်တင်း သောနိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကျွန်ုပ်တို့ ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာကြံ့ခိုင်မှု**

နိုင်ငံ၏နိုင်ငံသားတိုင်းသည် ကျန်းမာကြံ့ခိုင်မှု မြင့်မားနေရန် လိုအပ်သည်။ နိုင်ငံသားတိုင်းကျန်းမာ ကြံ့ခိုင်နေရန်အတွက် နိုင်ငံ၏သဘာဝပတ်ဝန်းကျင် သည် များစွာအရေးပါသည်။ နိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်သည် သန့်ရှင်းသပ်ရပ်မှု၊ ညစ်ညမ်းမှု မှန်သမျှကင်းစင်မှု၊ ယိုယွင်းဖောက်ပြန်မှုမှန်သမျှ ကင်းစင်မှု၊ ရောဂါဘယအမျိုးမျိုးကင်းစင်မှု စသည့် ကျန်းမာရေးစံနှုန်းအမျိုးမျိုးနှင့်ကိုက်ညီနေပါက နိုင်ငံသားများ ကျန်းမာကြံ့ခိုင်လာသည်။ အကယ်၍ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အထက်တွင် ဖော်ပြခဲ့သည့် ကျန်းမာရေးစံနှုန်းများနှင့် မကိုက်ညီ ပါက နိုင်ငံသားများ ကျန်းမာကြံ့ခိုင်မှု အဆင့်နိမ့်ကျ လာသည်။ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေးတွင် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အတိုင်းအတာ တစ်ခုအထိ အရေးပါသည်ဆိုသည့်အချက်ကို ပြဆိုနေခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေသည်နှင့်အမျှ နိုင်ငံသားများ ၏ကျန်းမာကြံ့ခိုင်မှုအဆင့်အတန်း မြင့်မား၍နေမည် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်ပေးနေခြင်းသည် ကျွန်ုပ်တို့နိုင်ငံသား များ၏ကျန်းမာကြံ့ခိုင်မှုအဆင့်အတန်းကို ကြိုးပမ်း မြှင့်တင်နေခြင်းဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှု**

နိုင်ငံ၏နိုင်ငံသားတိုင်းသည် စိတ်ဓာတ်ကြံ့ခိုင် မြင့်မားနေရန် လိုအပ်သည်။ နိုင်ငံသားတိုင်းစိတ်ဓာတ် ကြံ့ခိုင်မြင့်မားနေရန်အတွက် နိုင်ငံ၏သဘာဝ ပတ်ဝန်းကျင်သည် များစွာအရေးပါသည်။ သဘာဝ ပတ်ဝန်းကျင်သည် လေးနက်တည်ကြည်မှုရှိသော၊ ခံ့ညားထည်ဝါမှုရှိသော၊ ကြံ့ခိုင်မာကျောသော သဘောဆောင်သည့် သွင်ပြင်လက္ခဏာရပ်များနှင့် ပြည့်စုံနေပါက နိုင်ငံသားများ၏စိတ်ဓာတ်သည် ကြံ့ခိုင်မြင့်မားလာသည်။ ကြံ့ခိုင်သောသဘာဝပတ်ဝန်း ကျင်နှင့် နေ့စဉ်ထိတွေ့ခံစားနေရမှုကြောင့် ကြံ့ခိုင် သောစိတ်ဓာတ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်သည် အထက်ဖော်ပြပါကြံ့ခိုင်သော သွင်ပြင်လက္ခဏာရပ်များမရှိပါက နိုင်ငံသား များ၏စိတ်ဓာတ်သည် ကြံ့ခိုင်မှုအဆင့်အတန်းနိမ့်ကျ လာသည်။ ကြံ့ခိုင်မှုမရှိသော သဘာဝပတ်ဝန်းကျင်နှင့် နေ့စဉ်ထိတွေ့ ခံစားနေရမှုကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှု အဆင့်နိမ့်ကျလာခြင်းဖြစ်သည်။ ထို့အတူ ကြမ်းတမ်း ခက်ထန်သော သဘာဝပတ်ဝန်းကျင်မျိုးနှင့် နေ့စဉ် ထိတွေ့ခံစားနေရပါက ကြမ်းတမ်းခက်ထန်သော စိတ်ဓာတ်ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဤသဘော သည် နိုင်ငံသားများ၏စိတ်ဓာတ်ကြံ့ခိုင်မှု မြင့်မားရေးတွင် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်ဆိုသည့် အချက်ကို ပြဆိုနေခြင်းဖြစ်သည်။ သဘာဝပတ်ဝန်း ကျင်ကို ထိန်းသိမ်းကာကွယ်ပေးနေသည်နှင့်အမျှ နိုင်ငံသားများ၏စိတ်ဓာတ်သည် ကြံ့ခိုင်မြင့်မား၍ နေမည်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် ပေးနေခြင်းသည် ကျွန်ုပ်တို့နိုင်ငံသားများ၏ စိတ်ဓာတ် ကြံ့ခိုင်မှုအဆင့်ကို ကြိုးပမ်းမြှင့်တင်နေခြင်းဖြစ်သည်။

**❍ အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပေးရမည့် တာဝန် သည် နိုင်ငံတော်တွင်သာရှိသည်မဟုတ်ပါ။ ကျွန်ုပ်တို့နိုင်ငံသားများတွင်လည်း တာဝန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့နိုင်ငံသားအားလုံးသည် အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်အပေါ်အားကိုးအားထားပြု၍ ရှင်သန်ရပ်တည် နေကြရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဘဝ အောင်မြင်စွာ ရပ်တည်နိုင်ရေး၊ နိုင်ငံတော်တည်တံ့ခိုင်မြဲနေရေးအတွက် ကျွန်ုပ်တို့နိုင်ငံသား အားလုံး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေကြရမည့်အချက်မှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်းပင်ဖြစ်...**

**သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံချစ်စိတ်**

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံအပေါ် ချစ်စိတ်၊ ဂုဏ်ယူတန်ဖိုးထားစိတ်၊ မြတ်နိုးစိတ်များ မြင့်မားစွာ ဖြစ်ပေါ်နေရန်လိုအပ်သည်။ ဤသို့မိမိနိုင်ငံအပေါ် ချစ်စိတ်၊ မြတ်နိုးစိတ်များ မြင့်မားစွာဖြစ်ပေါ်နေရန် အတွက် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် များစွာ အရေးပါသည်။ သဘာဝပတ်ဝန်းကျင်တွင် ဂုဏ်ယူတန်ဖိုးထားမြတ်နိုးဖွယ်ရာကောင်းသော သဘာဝသွင်ပြင်လက္ခဏာရပ်များနှင့် ပြည့်စုံနေပါက နိုင်ငံသားများတွင် မိမိနိုင်ငံအပေါ် ချစ်စိတ်၊ မြတ်နိုးစိတ်၊ ဂုဏ်ယူတန်ဖိုးထားစိတ်များ ဖြစ်ပေါ် လာသည်။ အကယ်၍ နိုင်ငံ၏သဘာဝပတ်ဝန်းကျင် သည် ဂုဏ်ယူတန်ဖိုးထားဖွယ်ရာမကောင်းသည့် သဘာဝသွင်ပြင်လက္ခဏာရပ်များဖြစ်နေပါက နိုင်ငံ သားများသည် မိမိနိုင်ငံအပေါ် ချစ်စိတ်၊ မြတ်နိုးစိတ်၊ ဂုဏ်ယူတန်ဖိုးထားစိတ်များ နိမ့်ကျနေမည်။ ဤသဘောမှာ မိမိနိုင်ငံအပေါ်ချစ်စိတ်၊ မြတ်နိုးစိတ် ဖြစ်ပေါ်ရေးတွင် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်ဆိုသည့် အချက်ကို ပြဆိုနေခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ကို ထိန်းသိမ်းကာကွယ်နေသည်နှင့်အမျှ အမိနိုင်ငံ အပေါ် ချစ်စိတ်၊ မြတ်နိုးစိတ်သည် မြင့်မား၍နေမည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်း သည် နိုင်ငံချစ်စိတ်၊ မြတ်နိုးစိတ်မြင့်မားလာရန် ကျွန်ုပ်တို့ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံ၏ရာသီဥတု**

နိုင်ငံတိုင်းသည် ရာသီဥတုသာယာမျှတရန်လို သည်။ ရာသီဥတုသာယာမျှတရန်အတွက် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် များစွာအရေးပါသည်။ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အမြဲစိမ်း သစ်တောကြီးများ၊ တောအုပ်များဖုံးလွှမ်းနေသည့် တောင်တန်းကြီးများ၊ မြစ်ချောင်းအင်းအိုင်စိမ့်စမ်း ကြီးများ၊ ရေတံခွန်များ စသည့်ရာသီဥတုကို သာယာမျှတစေမည့် သဘာဝသွင်ပြင်လက္ခဏာ ရပ်များနှင့် ပြည့်စုံနေပါက သာယာမျှတသော ရာသီဥတုဖြစ်ပေါ်လာသည်။ အကယ်၍ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် ရာသီဥတုကိုသာယာ မျှတစေမည့် အထက်တွင်ဖော်ပြခဲ့သည့် သဘာဝ သွင်ပြင်လက္ခဏာရပ်များမရှိပါက ဆိုးရွားပြင်းထန် သော ရာသီဥတုဖြစ်ပေါ်လာသည်။ ဤသဘောမှာ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် နိုင်ငံ၏ ရာသီဥတုသာယာမျှတရေးတွင် အတိုင်းအတာ တစ်ခုအထိ အရေးပါသည်ဆိုသည့်အချက်ကို ပြဆို နေခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း ကာကွယ်နေသည်နှင့်အမျှ **စာမျက်နှာ ၁၄ သို့**❏

❑ စာမျက်နှာ ၁၃ မှအဆက်

အမိနိုင်ငံ၏ရာသီဥတုသည် သာယာမျှတ၍နေမည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်းသည် အမိနိုင်ငံ၏ရာသီဥတုကို သာယာမျှတအောင် ကျွန်ုပ်တို့ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတိုင်းသည် နိုင်ငံတကာဆက်ဆံရေးကဏ္ဍ အောင်မြင်နေရန် လိုအပ်သည်။ နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍအောင်မြင်ရန်အတွက် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် များစွာအရေးပါသည်။ မိမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် ပြည်ပနိုင်ငံများအတွက် တစ်နည်းတစ်ဖုံအရေးပါနေခြင်း၊ ပြည်ပနိုင်ငံများက တစ်နည်းတစ်ဖုံမှီခိုအားထားနေရခြင်း၊ ပြည်ပနိုင်ငံများအား အသွင်သဏ္ဌာန်တစ်မျိုးမျိုးဖြင့် အကျိုးပြုနေခြင်း စသည့် အဆင့်မြင့်သွင်ပြင်လက္ခဏာရပ်များနှင့် ပြည့်စုံနေပါက နိုင်ငံတကာ၏ အလေးပေးဆက်ဆံခြင်းကို ခံယူရရှိပြီး နိုင်ငံတကာဆက်ဆံရေးကဏ္ဍအောင်မြင်သည်။ အကယ်၍ မိမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အထက်ဖော်ပြပါ အဆင့်မြင့်သွင်ပြင်လက္ခဏာရပ်များမရှိပါက နိုင်ငံတကာ၏ အလေးပေးဆက်ဆံခြင်းကိုမခံရဘဲ သာမန်ဆက်ဆံခြင်းမျိုးကိုသာ ခံရသည်။ ဤသဘောမှာ နိုင်ငံ၏နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍ အောင်မြင်ရေးတွင်နိုင်ငံ၏သဘာဝပတ်ဝန်းကျင်သည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်ဆိုသည့်အချက်ကို ပြဆိုနေခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကာကွယ်နေသည်နှင့်အမျှ ကျွန်ုပ်တို့အမိနိုင်ငံသည် နိုင်ငံတကာ၏အလေးပေးဆက်ဆံခြင်းကို ခံယူရရှိပြီး နိုင်ငံတကာဆက်ဆံရေးကဏ္ဍအောင်မြင်နေမည်ဖြစ်သည်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်းသည် အမိနိုင်ငံ၏နိုင်ငံတကာဆက်ဆံရေး ကဏ္ဍအောင်မြင်ရန် ကျွန်ုပ်တို့ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၏အကျိုးတရား**

ကျွန်ုပ်တို့နိုင်ငံသားများသည် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အပေါ် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် မှီတည်နေရသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံသားများအားလုံး ဂုဏ်ယူတန်ဖိုးထား ထိန်းသိမ်းကာကွယ်နေရမည့်အရာမှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်းသည် အမိနိုင်ငံအား ထိန်းသိမ်းကာကွယ်နေခြင်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့နိုင်ငံသားများ၏ဘဝကိုလည်း ထိန်းသိမ်းကာကွယ်နေခြင်းသဘောဖြစ်သည်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်းဖြင့် ရရှိလာသောအကျိုးတရားများမှာ ကျွန်ုပ်တို့အမိနိုင်ငံကိုကောင်းသောဂုဏ်သတင်းဖြင့် ကျော်ကြားလာခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကြံ့ခိုင်တောင့်တင်းလာခြင်း၊ နိုင်ငံသားများကျန်းမာကြံ့ခိုင်လာခြင်း၊ နိုင်ငံသားများ စိတ်ဓာတ်ကြံ့ခိုင်မြင့်မားလာခြင်း၊ နိုင်ငံသားများတွင် နိုင်ငံချစ်စိတ်ဖြစ်ပေါ်မြင့်မားလာခြင်း၊ နိုင်ငံ၏ ရာသီဥတုသာယာမျှတလာခြင်း၊ နိုင်ငံ၏နိုင်ငံတကာ ဆက်ဆံရေးအခန်းကဏ္ဍအောင်မြင်မှုရရှိလာခြင်း စသည့်အချက်(၈)ချက်ဖြစ်သည်။ အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ထိန်းသိမ်းကာကွယ်နေခြင်းသည် နိုင်ငံအားသာယာလှပစေသည်သာမကဘဲ နိုင်ငံအား ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင်ဖြစ်သည်။

**ကျွန်ုပ်တို့တွင်လည်း ကိုယ်စီတာဝန်ရှိသည်**

အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပေးရမည့် တာဝန်သည် နိုင်ငံတော်တွင်သာရှိသည်မဟုတ်ပါ။ ကျွန်ုပ်တို့နိုင်ငံသားများတွင်လည်းတာဝန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့နိုင်ငံသားအားလုံးသည် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အပေါ် အားကိုးအားထားပြု၍ ရှင်သန်ရပ်တည်နေကြရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဘဝ အောင်မြင်စွာရပ်တည်နိုင်ရေး၊ နိုင်ငံတော်တည်တံ့ခိုင်မြဲနေရေးအတွက် ကျွန်ုပ်တို့နိုင်ငံသားအားလုံး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေကြရမည့်အချက်မှာ အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နေခြင်းပင်ဖြစ်သည်။

**စည်းကမ်းလိုက်နာခြင်းနည်းလမ်းဖြင့် ထိန်းသိမ်းကာကွယ်မည်**

အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကိုထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်သောနည်းလမ်းရှိသည်။ ယင်းနည်းလမ်းမှာ အမိနိုင်ငံအပေါ် ဆောင်ရွက်ရမည့်စည်းကမ်းမှန်သမျှကိုဆောင်ရွက်ပြီး ရှောင်ကြဉ်ရမည့် စည်းကမ်းမှန်သမျှကိုရှောင်ကြဉ်နေခြင်းပင်ဖြစ်သည်။ သဘောမှာ ကျွန်ုပ်တို့အားလုံး အမိနိုင်ငံအပေါ် စည်းကမ်းရှိသော နိုင်ငံသားများအဖြစ် ရပ်တည်ကြရမည်။ စည်းကမ်းရှိသောနိုင်ငံသားအဖြစ်ရပ်တည်နေခြင်းသည် အမိနိုင်ငံအား စည်းကမ်းဖြင့် ထိန်းသိမ်းကာကွယ်မှုပေးနေခြင်းပင်ဖြစ်ပြီး အမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်မှုပေးနေခြင်းသဘောဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံသားများ စည်းကမ်းကြီးမားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်သည်လည်း ပိုမိုခိုင်ခံ့လာမည်ဖြစ်သည်။ ထို့ကြောင့် အမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိရောက်စွာထိန်းသိမ်းကာကွယ်နိုင်သောနည်းလမ်းမှာ စည်းကမ်းရှိသော နိုင်ငံသားများအဖြစ် အစဉ်ကြိုးပမ်းရပ်တည်နေသည့် နည်းလမ်းသာဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# ပေါက်ခေါင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများဆောင်ရွက်



ပေါက်ခေါင်း ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် နယ်လှည့်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို အခြေခံပညာအထက်တန်းကျောင်း (ပေါက်ခေါင်း)၌ ဧပြီလ ၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်လာစေရန်၊ ကျောင်းသားလူငယ်လေးများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စသည့်အကြောင်းအရာများနှင့် လူငယ်ရေးရာအသိပညာပေး အကြောင်းအရာများကို ဟောပြောပြီး စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သင်းသင်းထွေးက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ အကြောင်းကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများမှ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းအဖြစ် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ ပြသရာ ကျောင်းသားလူငယ်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



မြစ်ကြီးနား ဧပြီ ၇

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးရှိသည့်အနက် ၄၅ ဦးစလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ဝန်ကြီးဌာနခုနစ်ခု၏အမည်စာရင်းနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး ကျော်သူရကိုလည်းကောင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်ဦးတိန့်ဆောင်ကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်းခိုင်ကိုလည်းကောင်း၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးချန်တန်ခင်ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာအောင်ထင်းကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးရဲရင့်ဆွေကိုလည်းကောင်း ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းလာမှုအပေါ် လွှတ်တော်က ဆွေးနွေးနိုင်ရေး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူ ကချင်ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နန်းလှလှအေးကိုလည်းကောင်း၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်ကိုလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာမှုအပေါ် လွှတ်တော်ကဆွေးနွေးနိုင်ရေး ကန့်ကွက်လိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ထပ်မံကြေညာသည်။

ယင်းနောက် ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အဆိုပြုလာသည့် ဒေါ်အေးအေးမော်၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြခြင်းနှင့် ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့၏ အမည်စာရင်းများအား လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် လွှတ်တော်အစည်းအဝေးဆဋ္ဌမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာကာ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကိုရပ်နားလိုက်သည်။ **ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

လွိုင်ကော် ဧပြီ ၇

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးရှိပြီး ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးကိုစတင်ကျင်းပကြောင်းကြေညာပြီး ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးများ တာဝန်ပေးအပ်နိုင်ရေးအတွက် အဆိုပြုပေးပို့လာသည့်ပြည်နယ်ဝန်ကြီးများ၏အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌကဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးများ အမည်စာရင်းနှင့်စပ်လျဉ်း၍ ဘောလခဲခရိုင် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဦးစောဒီးဒီးက ကန့်ကွက်ဆွေးနွေးတင်ပြသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ဘောလခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဦးစောဒီးဒီးက ကန့်ကွက်သည့်အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန် စက်ခလုတ်နှိပ်၍ဆန္ဒပြုကြသည်။ ထိုသို့ စက်ခလုတ်နှိပ်ဆန္ဒပြုရာတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၅ ဦးအနက် ထောက်ခံမဲ ၁၂ မဲ၊ ကန့်ကွက်မဲ ၂ မဲ၊ ကြားနေမဲ ၁ မဲ ရရှိခဲ့ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုပြုပေးပို့လာသည့် ဝန်ကြီးများ၏ အမည်စာရင်းကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ ဒုတိယပိုင်းကိုရပ်နားပြီး ဧပြီလ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပြည်နယ်ဝန်ကြီးများအဖြစ် ဗိုလ်မှူးကြီးသန်းစိုးအောင် (လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)၊ ဦးတင်လှ (စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး)၊ ဦးအောင်မျိုးသိန်း (လူမှုရေးရာဝန်ကြီး)၊ ဦးရဲဝင်း (လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)၊ ဦးဂျိုးဇက်ကျော် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး)၊ ဒေါ်နှင်းနှင်းရီ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး)၊ ဦးစောဟူးဟူး(စည်ပင်သာယာရေးဝန်ကြီး) နှင့် ဒေါ်ခင်သန္တာထွန်း (ဗမာတိုင်းရင်းသားရေးရာဝန်ကြီး)တို့ကို ကယားပြည်နယ်လွှတ်တော်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

မကွေး ဧပြီ ၇

တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မကွေးမြို့ တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဒေါက်တာမောင်မောင်ဋ္ဌေးကတတိယအကြိမ်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ စတင်ကျင်းပကြောင်းနှင့် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့သဖြင့် အစည်းအဝေးကို အထမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့သို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အသိပေးပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်း၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း၊ မကွေးတိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်း၊ မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်း၊ မကွေးတိုင်းဒေသကြီး တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်းနှင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီသည့်အတွက်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။



ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသောမကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၏ အမည်စာရင်းကိုကြေညာရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ်ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် အောင်လံမြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးစန်းလွင်၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်နွယ်နီနိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် နတ်မောက်မြို့နယ် မဲဆန္ဒနယ်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးဆန်းညွန့်အောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် မင်းဘူးမြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်နိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးစိုင်းမြင့်အေး၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် နတ်မောက်မြို့နယ်မဲဆန္ဒနယ်ကိုယ်စားလှယ်အမှတ်(၂)မှဦးကြည်ထွန်း၊ မကွေးတိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ဦးအေးလွင်၊ မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်အေးအေး၊ မကွေးတိုင်းဒေသကြီး တရားသူကြီးချုပ်အဖြစ် ဒေါ်မိမိမော်၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများအဖြစ် ဒေါ်ခင်နှင်းထွဋ်၊ ဦးထွန်းထွန်းအောင်နှင့် ဒေါ်မာလာတို့အား ခန့်အပ်တာဝန်ပေးအပ်ကြောင်း လွှတ်တော်သို့တင်ပြရာ လွှတ်တော်က အတည်ပြုရန်သဘောတူသဖြင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ကို ဧပြီလ ၁၀ ရက်နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုရဲ(ပြန်/ဆက်)**





တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

○ ရှေ့ဖုံးမှအဆက်

တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်သို့တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်းတင်ပြချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၁၅ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့တင်ပြထားသည့် ဦးသန်းစိုး၊ ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်းနှင့် ဒေါ်ခင်သင်းဝေတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးသန်းစိုးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စန်းက အစိုးရအဆက်ဆက်က တောင်သူလယ်သမားများနှင့်သက်ဆိုင်သည့် ဥပဒေများပြဋ္ဌာန်းပေးသော်လည်း လက်တွေ့မြေပြင်တွင် အားနည်းနေသည်ကိုတွေ့ရကြောင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ စသည်ဖြင့် ဥပဒေ(၂၀)ခန့် ရှိသော်လည်း တောင်သူလယ်သမားများအတွက်ထိရောက်မှု အားနည်းသည့်အပြင် မူဝါဒများပေါင်းစည်းနိုင်မှုမရှိသောကြောင့် ဗဟိုအဆင့်အနေဖြင့် စနစ်တကျကွပ်ကဲသင့်သည်ကို စိစစ်တွေ့ရှိရကြောင်း။

တောင်သူလယ်သမားရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာလျှင် တောင်သူလယ်သမားမိသားစုများအတွက် မြေယာစီမံခန့်ခွဲရေးကိစ္စရပ်များ လွယ်ကူချောမွေ့ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊ မျိုးစေ့သစ်များ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားပေးနိုင်ပြီး သာမန်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံအဆင့်၊ ကမ္ဘာ့အဆင့် စားနပ်ရိက္ခာထုတ်လုပ်သော နိုင်ငံအဆင့်သို့တက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးစီးဆောင်ရွက်သင့်ကြောင်း၊ ဝန်ကြီးဌာန မဖွဲ့စည်းနိုင်သေးသည့်အချိန်တွင် တောင်သူလယ်သမားများ၏ ကိစ္စအဝဝကို သီးခြားဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တောင်သူလယ်သမားရေးရာဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပေးရန် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသောပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်ရှိသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ်(၅) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ အပိုဒ်ခွဲ (င)၊ (ဈ)၊ (ည) တို့တွင်ပါရှိသည့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊ စက်မှုလယ်ယာအဖြစ် တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများနှင့် တောင်သူလယ်သမားအခွင့်အရေးများအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားကြောင်း၊ ထို့ကြောင့်တောင်သူလယ်သမားများအတွက် လုံလောက်သော စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း(၄)ချက်နှင့်အညီ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများဖြန့်ဖြူးခြင်း၊ တောင်သူလယ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေး ဆောင်ရွက်နိုင်ရေးတို့အတွက်တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုတိုးချဲ့ဖွဲ့စည်းသင့်ကြောင်း။

ထို့ပြင် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအားပေါင်းစပ်ဖွဲ့စည်းမည့်အစား ဟိုတယ်ခရီးသွားလာရေးဝန်ကြီးဌာနတစ်ခုနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုအဖြစ် သီးခြားစီ ဖွဲ့စည်းသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒာလှမြင့်က လက်ရှိအခြေအနေတွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးသွားသော စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော မြို့များကို ပြန်လည်တည်ဆောက်ရာတွင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခြားမြို့များနည်းတူ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ဒေသနေပြည်သူများထံမှ ရရှိသော အခွန်အခကောက်ခံရရှိငွေဖြင့်သာ လုပ်ဆောင်ရမည်ဆိုပါက အခက်အခဲများစွာ ရှိနေသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအနေဖြင့် လုပ်ကိုင်ပါက အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား (၂) အပိုဒ်(၈)၊ စီမံခန့်ခွဲရေးကဏ္ဍတွင် ထည့်သွင်းထားသည့် စည်ပင်သာယာရေးအဖွဲ့ကို ပြည်ထောင်စုအဆင့်အဖြစ် လွှတ်တော်အတွင်း ပြင်ဆင်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏ အကြံပြုဆွေးနွေးချက်များအပေါ် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ ရှင်းလင်းဖြေကြားချက်ကို ဖတ်ကြားရာတွင် မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး ကျေးလက်နေပြည်သူအများစုသည် တောင်သူလယ်သမားများဖြစ်သောကြောင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍမြှင့်တင်ရေးသည်လည်း အရေးကြီးကြောင်း၊ လက်ရှိတွင် တောင်သူလယ်သမားရေးရာကိစ္စရပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အတွက်တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းမထားခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိကြောင်း။

မြန်မာ့လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေး၊ သားငါးမွေးမြူရေးနှင့် သစ်တောကဏ္ဍများ ပါဝင်ပြီး လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍအခွင့်အလမ်းကောင်းများကို ဖော်ထုတ်ပေးနိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အရည်အသွေးမီလယ်ယာနှင့် သားငါးထွက်ကုန်များကို ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒများ၊ မျှော်မှန်းချက်များ ပြည့်မီရန်ရည်ရွယ်ပြီး မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ လုပ်ငန်းများနှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မျှော်မှန်းချက်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များထဲတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လမ်းများနှင့် တံတားများတည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသနေ ပြည်သူများအလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေးချိတ်ဆက်ကူညီဆောင်ရွက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များ ပါဝင်ကြောင်း။

လက်ရှိတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှစ်ခုသည် တောင်သူလယ်သမားရေးရာကိစ္စများကို ဟန်ချက်ညီညီဆောင်ရွက်ပေးနေသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံအများစု၏ ဝန်ကြီးဌာန ဖွဲ့စည်းမှုကို ကြည့်မည်ဆိုလျှင်လည်း တောင်သူလယ်သမားရေးရာကိစ္စရပ်များကို လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအဖြစ်သီးခြားဝန်ကြီးဌာနတစ်ခုကို ထပ်မံတိုးချဲ့ပြီး ဖွဲ့စည်းမှုမပြုခြင်းဖြစ်ကြောင်း။

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုကို ဝန်ကြီးဌာနတစ်ခုတည်းပေါင်းစပ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်သည် ယဉ်ကျေးမှုကို ခရီးသွားလုပ်ငန်း၏ အဓိကမောင်းနှင်အားအဖြစ် အသုံးချပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို တစ်ပြိုင်တည်းရရှိစေရန်ဖြစ်ကြောင်း၊ နိုင်ငံအများအပြားတွင်လည်း ဟိုတယ်၊ ခရီးသွားနှင့် ယဉ်ကျေးမှုကို ပေါင်းစပ်ပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကို တစ်ပြိုင်တည်း ညှိနှိုင်းနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ကြောင်း၊ ခရီးသွားများကို ဒေသခံရိုးရာဓလေ့၊ အနုပညာ၊ သမိုင်းဝင်နေရာများနှင့်မိတ်ဆက်ပေးရာတွင် ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းက

တစ်ဆင့်ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာချိန်တွင် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုများကိုလျှော့ချနိုင်ပြီး အမွေအနှစ်များကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်ခြင်းဖြင့် နိုင်ငံ၏ဆွဲဆောင်မှုအား မြှင့်တင်ကာ နိုင်ငံခြားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဘတ်ဂျက်၊ လူအင်အားနှင့် အခြေခံအဆောက်အဦများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအဖြစ် ပေါင်းစပ်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၁၈၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန်ဥပဒေပြုခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားပြီး ဇယား(၂)၊ အပိုဒ်(၈)၊ စာပိုဒ်ခွဲ(က)တွင် "စည်ပင်သာယာရေး"ဆိုသည့် ကဏ္ဍရပ်ပါဝင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်"ဟု ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် "စည်ပင်သာယာရေး" ကဏ္ဍသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုခွင့်ရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာအတွင်း ကျရောက်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များသည် ဒေသတစ်ခုအတွင်းနေ ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ ထိတွေ့ဆောင်ရွက်ပေးနေရသော လုပ်ငန်းကိစ္စရပ်များဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဥပဒေနှင့်အညီ မိမိတို့ဒေသ၏ အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ခွင့်ပေးထားကြောင်း၊ထို့ကြောင့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ရန်မသင့်သည်ကို တွေ့ရှိရကြောင်း ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူကာ အဆိုပြုတင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက် ၃၁ခုနှင့် အဆိုပါပြည်ထောင်စုဝန်ကြီးဌာန အမည်သတ်မှတ်ချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီလ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်ရှစ်ဦး၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ယင်းပုဂ္ဂိုလ်ရှစ်ဦး၏ အမည်ကို လွှတ်တော်က သဘောတူကြောင်းကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီလ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏အမည်စာရင်းကိုလွှတ်တော်သို့ ဖတ်ကြားတင်ပြကာ ဒေါက်တာခင်နိုင်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦး တို့အားလည်းကောင်း တာဝန်ပေးအပ်ရန်လွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီလ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါကအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းခန့်အပ် တာဝန်ပေးနိုင်ရေး သက်ဆိုင်ရာဥပဒေနှင့်အညီ လွှတ်တော်သို့ တင်ပြထားကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင်သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့တင်ပြထားကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကိုလွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ရွေးချယ်တင်ပြထားသည့်အဖွဲ့ဝင်ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးစိုးသိန်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်းပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ် ဖွဲ့စည်းရန် လွှတ်တော်သို့ တင်သွင်းထားသည့်အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်းကြေညာခြင်းနှင့် ကန့်ကွက်လိုသည့်လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီလ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးဦးရေ (၃၀) သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုဝန်ကြီး ဦးရေ(၃၀) သတ်မှတ်ချက်ကို လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ကို ဧပြီလ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**မြဝတီ**

# တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



တောင်ကြီး ဧပြီ ၇

တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၃၃ ဦး၊ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၃၂ ဦး ရှိသည့်အနက် ၁၃၁ ဦးတက်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီး ဦးရေသတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်ကို ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးဌာနများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြရန် မှတ်တမ်းတင်ပြီး ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ် (၂) ဦးစိုင်းထိန်စိုးက လွှတ်တော်သို့တင်ပြဖတ်ကြားသည်။

ယင်းနောက်ဦးစိုင်းကျော်ဇံအား ပြည်နယ်ဥပဒေချုပ်နှင့် ဒေါ်ခင်ထွေးရီအား ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်း နှင့် ဦးသန်းဦးလွင်အား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့်ဒေါ်သူဇာအောင်တို့သုံးဦး၏အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ထူးခြားသည့် နေ့အပူချိန်များ

၇-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ပန်းတောင်း | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Foreign state dignitaries send congratulatory messages to Senior General Min Aung Hlaing on his election of President

**The following are congratulatory messages from foreign state dignitaries sent to Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing on his election of President.**

## Press Release

Samdech Akka Moha Sena Padei Techo HUN SEN, President of the Senate of the Kingdom of Cambodia sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Your Excellency,

On behalf of the Senate of the Kingdom of Cambodia and the Cambodian People's Party, I wish to extend my sincere congratulations to Your Excellency on your election by the Parliament of Myanmar as President of the Republic of the Union of Myanmar on 3 April 2026.

I highly value the growing relations and cooperation and longstanding friendship between our two countries, which are deeply intertwined by shared cultural and religious affinities,as well as mutual respect and understanding. I am confident that these ties and cooperation will continue to develop during your tenure for the further tangible mutual benefit of our nations.

I stand ready to continue working closely with Your Excellency to further enhance our countries relations, friendship and cooperation for the best Interests of our two peoples, thereby contributing to peace, stability, and prosperity in the region and beyond.

Please accept, Excellency, the renewed reassurances of my highest consideration and my best wishes of continued good health, happiness, and successes in all your endeavors.

**HUN SEN**

## Press Release

Excellency,

I would like to express my special joy and honour at the commencement of Your Excellency's duties as President of the Republic of the Union of Myanmar.

The election of Your Excellency to undertake such a high and honourable responsibility serves as strong evidence that the entire population recognizes and appreciates Your Excellency's efforts in ensuring national stability, consolidating state authority, and advancing the country's development.

We highly value Your Excellency's consistent support and assistance in Myanmar-Russia cooperation, particularly in important fields such as space exploration. Thanks to Your Excellency's firm stance and committed actions, significant progress has been achieved in this sector.

I would like to reiterate that we are fully prepared to continue developing a mutually beneficial and deeper partnership between our two countries.

I wish Your Excellency, along with all the people of the Republic of the Union of Myanmar, good health, well-being, and lasting peace.

With regard,

**Dmitry Vladimirovich Bakanov**
**Government Advisor (Senior) to the Russian Federation**
**General Director, Roscomos State Corporation**

## Press Release

Mr. Chu Cong Phung, President of the Vietnam-Myanmar Friendship Association sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Your Excellency,

On behalf of the Vietnam- Myanmar Friendship Association,I have the distinct honor to convey our most heartfelt congratulations on your historic election as The 11$^{th}$ President of the Republic of the Union of Myanmar.

This momentous occasion is a resounding testament to the unwavering trust and profound confidence placed in Your Excellency by the people of Myanmar. Your success at the polls reflects the people's deep appreciation for the peace and order meticulously maintained under your leadership.

As the Chariman of a people-to-people diplomatic organization, I find it a singular and extraordinary honor to be able to address Your Excellency directly. In international practice, it is rare for a friendship association to have the privilege of sending congratulations to a Head of State. This opportunity clearly reflects Your Excellency's profound vision and personal commitment to the importance of " people-to-people" diplomacy. It demonstrates that you value not only formal state ties but also the sincere sentiments between the common people of our two nations. This gesture provides our Association with immense encouragement in our mission to serve as a bridge of friendship.

Under your new mandate, we are entirely confident that the Vietnam-Myanmar Comprehensive Cooperative Partnership will reach unprecedented heights. We believe that Myanmar, under your wise stewardship, will continue to be a pillar of stability and prosperity in the region. Our Association pledges to remain a faithful partner in promoting the image of a developing and peaceful Myanmar to the Vietnamese public.

I wish Your Excellency robust health, happiness, and great success in leading the Republic of the Union of Myanmar toward a future of unity and sustainable development.

Yours respectfully,

**Mr. Chu Cong Phung**
**Chariman of Vietnam- Myanmar Friendship Association**

# 126 illegal foreign nationals engaged in online scam and gambling operations arrested along with business-related equipment near Panku Village in Tachilek Township


NAY PYI TAW April 7

The government, viewing the fight against online scam and gambling—which pose a threat to the international community and the entire world—as a national duty, has been actively working to ensure such activities cannot establish a foothold in Myanmar. This effort involves coordinating with domestic forces as well as neighbouring governments. Today, in the afternoon, it was reported that in Tachilek Township, eastern Shan State, 126 foreign nationals were arrested along with equipment used in their operations. These individuals were engaged in online scam and gambling activities.

According to intelligence that online scam and gambling operations were being conducted in Tachilek Township, eastern Shan State, a combined team including security forces conducted a search. Around 1:30 PM today, approximately 13,000 meters northwest of Tachilek City and about 3,000 meters southwest of Panku Village, they discovered nine structures roofed and walled with corrugated iron sheets and fitted with plywood flooring: one building (120 ft long × 60 ft wide) used for online scam and gambling, one residential/dining building (200 ft × 60 ft) including a kitchen and sleeping quarters, one operational building, one small store building (35 ft × 30 ft), one warehouse (40 ft × 35 ft), two sleeping quarters (40 ft perimeter each), one gatehouse (15 ft × 12 ft), and one restroom building (60 ft × 5 ft). Inside, authorities arrested 126 illegally present foreign nationals: 122 Chinese men, three Chinese women, and one Lao woman. Seized items used in their online scam and gambling operations included 120 monitors, 97 system units, 46 all-in-one computers, 12 Starlink terminals, 12 Wi-Fi routers, 105 various mobile phones, and one large generator.

The seized equipment will be processed according to procedures. Those arrested will be effectively prosecuted in accordance with the law. Authorities will continue to identify and take legal action against any accomplices or masterminds behind the operations.

**See Page - 20►►**




Individuals engaged in online scam and gambling operations arrested along with residential buildings and related equipment near Panku Village in Tachilek Township.



Foreign nationals engaged in online scam and gambling operations near Panku Village, Tachilek City.



Equipment used in online scam and gambling operations near Panku Village, Tachilek City.



Equipment used in online scam and gambling operations near Panku Village, Tachilek City.

●● From Page - 21

**Special congratulations**

We extend our deep pride and heartfelt congratulations to Senior General Min Aung Hlaing on his appointment as President of the Republic of the Union of Myanmar by the Union Parliament, and wish him good health and every success in advancing peace, prosperity, and national development.

**General Administration Department Former Staff Association**

**Congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and wish the new government success in multiple sectors under the leadership of the President and respectfully pray that the President will perform duties of the State in physical and mental well-being.


**Myanmar-China Friendship Association (Central)**

►► From Page - 19


The Myanmar government remains actively cooperative in combating online fraud and gambling. For foreign nationals already in Myanmar for various reasons and somehow involved in such activities, the government will conduct investigations according to the law. Taking into account humanitarian considerations and bilateral friendships, it will repatriate individuals to their respective countries where appropriate, while arresting and formally handing over key offenders to relevant governments, and taking effective legal action as prescribed by law. **100**



Foreign nationals engaged in online scam and gambling operations near Panku Village, Tachilek City.



Equipment used in online scam and gambling operations near Panku Village, Tachilek City.



Buildings used in online scam and gambling operations near Panku Village, Tachilek City.



Buildings used in online scam and gambling operations near Panku Village, Tachilek City.



Equipment used in online scam and gambling operations near Panku Village, Tachilek City.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Parties, associations and organizations issue special congratulatory messages on election of Senior General Min Aung Hlaing as President

NAY PYI TAW April 7

Senior General Min Aung Hlaing selected as Vice President by the group of the elected Pyithu Hluttaw representatives was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. The Myanmar Farmers' Development Party, the National Interest Development Party, the Pa-O National Organization (PNO), the Myanmar Writers's Association, Shweyaung Thamaing Social Welfare Association, Mayangon Township, Mayangon District, Yangon Region, Myanmar Forest Products and Timber Merchants Association, Myanmar Engineering Council, Myanmar Architect Council, Myanmar Traditional Artists and Artisans Organization, Inspection Expert Group for High-Rise and Public Building Construction Projects, Myanmar-China Friendship Association (Central) and General Administration Department Former Staff Association issued special congratulatory messages on election of Senior General Min Aung Hlaing as President.

These congratulatory messages stated that they are deeply honoured and delighted that the Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as President of the Republic of the Union of Myanmar. Under the leadership of the President, may our nation enjoy peace, stability, and modern development. We fully believe that the Union government led by the President will successfully advance the interests of the nation and the ethnic peoples. May President-elect Senior General Min Aung Hlaing be blessed with peace of mind and good health, and the strength to faithfully serve the interests of the country and religion.

**100**

**Message of Congratulations**

The Myanmar Farmers' Development Party has sent a message of congratulations to President U Min Aung Hlaing, Vice President (1) U Nyo Saw, and Vice President (2) Daw Nan Ni Ni Aye, who were elected by the people following the recent election. The party expresses its full trust and belief that they will energetically serve the duties of the State.

**Chairman of the Central Committee**
**Myanmar Farmers' Development Party**

**Congratulatory Messages**

The Electoral College, comprising all representatives of the Pyidaungsu Hluttaw, elected the President and Vice Presidents on 3 April 2026.

We wish to express our immense pleasure and honor regarding the election of Senior General Min Aung Hlaing as President, alongside U Nyo Saw and Daw Nan Ni Ni Aye as Vice Presidents.

We send this congratulatory message with full confidence that the government, led by the President, will successfully serve the interests of the State and its people. Furthermore, the PNO pledges its full cooperation in support of his service to the nation.

**Pa-O National Organization (PNO)**

**Heartfelt Congratulations**

"We, the Shweyaung Thamaing Social Welfare Association, express our immense pleasure and pride in Senior General Min Aung Hlaing on his election as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

May President Senior General Min Aung Hlaing enjoy good health and happiness while further serving the interests of the State, race, language, and religion."

**Shweyaung Thamaing Social Welfare Association**
**Mayangon Township, Mayangon District, Yangon Region**

**Message of Congratulations**

The Myanmar Engineering Council is deeply honored and delighted that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar at the third session of Pyidaungsu Hluttaw held on April 3, 2026. We respectfully offer our best wishes for your physical and mental well-being as you carry out the duties of the State.

**Myanmar Engineering Council**

**Heartfelt congratulations**

The Myanmar Traditional Artists and Artisans Organization heartily congratulates Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and wish the Republic of the Union of Myanmar further prosperity and development under the leadership of the President.

**Myanmar Traditional Artists and Artisans Organization**

**Heartfelt congratulations**

We announce that the National Interest Development Party (NIDP) sends heartfelt congratulations on Senior General Min Aung Hlaing for his election as President, on U Nyo Saw for his election as Vice President (1) and on Daw Nan Ni Ni Aye for her election as Vice President (2) by the Third Pyithu Hluttaw of the Republic of the Union Myanmar on 3 April, 2026.

May the mother country be prosperous and developed under the leadership of the President and may the President be able to carry out duties of the State in peace of mind and physical well-being.

**The Central Executive Committee,**
**National Interest Development Party**

**Message of Congratulations**

The Myanmar Writers Association is deeply and heartedly honored and delighted that the Union Parliament has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar.

We offer our prayers and best wishes for the President to be endowed with physical and mental well-being and to be able to continue serving the interests of the State, as well as the interests of the nation, religion, and Sasana, with ever-increasing momentum.

**Myanmar Writers Association**

**Special congratulations**

The Myanmar Forest Products and Timber Merchants Association (MFPTMA) proudly welcomes Senior General Min Aung Hlaing as the 11th President of the Republic of the Union of Myanmar, elected by the Union Parliament, and extends its best wishes for his success in carrying out his duties for the benefit and development of the people of Myanmar.

**Myanmar Forest Products and Timber Merchants Association**

**Message of Congratulations**

The Myanmar Architect Council is deeply honored and delighted that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar at the third session of Pyidaungsu Hluttaw held on April 3, 2026. We respectfully offer our best wishes for your physical and mental well-being as you carry out the duties of the State.

**Myanmar Architect Council**

**Heartfelt Congratulations**

We are greatly honored and delighted that, at the Third Session of the Union Parliament held on April 3, 2026, Senior General Min Aung Hlaing was elected and appointed as the President of the Republic of the Union of Myanmar. We respectfully extend our sincere prayers and best wishes for his good health and for him to be able to carry out the duties of the State successfully with both physical and mental well-being.

**Inspection Expert Group for High-Rise and**
**Public Building Construction Projects**

See Page - 20 ●●

# ကျေးရွာနှစ်ရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး


ညောင်တုန်း ဧပြီ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိ လိန်ပင်ကျေးရွာနှင့် ဝဲဒေါင့်အတွင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ၄၀၀ ဗို့ဓာတ်အားလိုင်း လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီလ ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက လိန်ပင်ကျေးရွာနှင့် ဝဲဒေါင့်အတွင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ၄၀၀ ဗို့ဓာတ်အားလိုင်း လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာတန်ဖိုးထားအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းရမည့်နည်းလမ်းများကို အကြံပြုပြောကြားသည်။

လိန်ပင်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းသည် အရှည်ပေ ၁၉၀၀ ရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ်၂၃ သန်း၊ ပြည်သူထည့်ဝင်ငွေ ငွေကျပ် လေးသန်း စုစုပေါင်း ငွေကျပ် ၂၇ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဝဲဒေါင့်အတွင်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းသည် အရှည်ပေ ၆၅၀ ရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ကိုးသန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများ လျှပ်စစ်မီးကို အသုံးပြုနိုင်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

တေဇာလင်း




# ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကျင်းပ



ဆင်ပေါင်ဝဲ ဧပြီ ၇

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှကြီးမှူး၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကို ဧပြီလ ၆ ရက်က မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ရတနာမော်ကွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းမှ သင်တန်းသားနှစ်ဦးနှင့် သင်တန်းသူနှစ်ဦးတို့က စားပွဲတင်တင်းနစ် သရုပ်ပြကစားပြီး သင်တန်းသားတစ်ဦးက ရိုးရာခြင်းအထိ (၆)ချက်အား သရုပ်ပြကစားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက ကျေးဇူးတင်စကားပြောကြားပြီး စားပွဲတင်တင်းနစ်နှင့် ရိုးရာခြင်းအထိ(၆) ချက် ကစားကြသူများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို မတ်လ ၂၆ ရက်မှ ဧပြီလ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းနည်းပြများက ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ Myanmar Fitness Dance သင်တန်းနှင့် ရိုးရာခြင်းအားကစားစသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ငဖဲမြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

ငဖဲ ဧပြီ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဧပြီလ ၆ ရက်က ဇီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ဇီးတောကျေးရွာမှ ဆရာတော် ဦးကစ္စာယနက ဩဝါဒစကားမိန့်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများ၊ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အသိပညာ ဗဟုသုတတိုးပွားစေရေး သုတ၊ ရသ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ နွေရာသီ အပူဒဏ်ကာကွယ်ရေး သိကောင်းစရာများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မယု(ငဖဲ)

# မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အချို့၌ သစ်ပင်များလဲကျမှုဖြစ်ပွား

နေပြည်တော် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ယနေ့ညနေ ၃ နာရီခန့်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့မရပ်ကွက်၊ အောင်ဇေယျာရပ်ကွက်၊ နန်းတော်ကုန်းရပ်ကွက်၊ ရတနာမာန်အောင်ရပ်ကွက်၊ ပြည်သာယာ(မြောက်) ရပ်ကွက်တို့၌ သစ်ပင်များလဲကျမှုဖြစ်ပွားသည်။

အဆိုပါရပ်ကွက်များသို့ မိတ္ထီလာမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ လဲကျနေသည့်သစ်ပင်များအား ရှင်းလင်းခြင်းဆောင်ရွက်ကြသည်။



အလားတူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ယနေ့ညနေ ၅ နာရီခန့်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ပင်ကြီးကျေးရွာ သိမ်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ထန်းပင်များလဲကျသဖြင့် ပုဗ္ဗသီရိနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။

မြဝတီ

# တူကီယဲရှိ အစ္စရေးကောင်စစ်ဝန်ရုံးအနီး ဖြစ်ပွားခဲ့သော ပစ်ခတ်မှုအတွင်း သေနတ်သမားသုံးဦးသေဆုံးပြီး ရဲအရာရှိနှစ်ဦးဒဏ်ရာရရ



အစ္စတန်ဘူလ်၊ အကြမ်းဖက်မှု

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အစ္စရေးကောင်စစ်ဝန်ရုံးအနီးတွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုအတွင်း သေနတ်သမားသုံးဦးသေဆုံးပြီး ရဲအရာရှိနှစ်ဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။

အဆိုပါပစ်ခတ်မှုသည် ဘက်ဆီတက်ခရိုင်ရှိ ကောင်စစ်ဝန်ရုံးအနီးတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိထားသည့် သေနတ်သမားနှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိထားကြောင်း သိရသည်။

ဖမ်းဆီးခံထားရသည့် သေနတ်သမားများသည် နောက်ပိုင်းတွင် ဒဏ်ရာကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း တူကီယဲသတင်းဌာနတစ်ခုဖြစ်သည့် NTV က ထုတ်ပြန်သည်။

အဆိုပါသေနတ်သမားများသည် အခင်းဖြစ်ပွားရာနေရာ၌ လုံခြုံရေးတာဝန်ယူထားသည့် ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုအတွင်း ရဲအရာရှိများဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သေနတ်သမားများအနက် တစ်ဦးမှာ ဘာသာရေးကိုအသုံးချသည့် အဖွဲ့အစည်းတစ်ခုနှင့် ဆက်နွှယ်မှုရှိကြောင်း တွေ့ရှိရပြီး အခြားတစ်ဦးတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် နောက်ကြောင်းရာဇဝင်ရှိကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် အစ္စတန်ဘူလ်မြို့ရှိ ကောင်စစ်ဝန်ရုံးအပါအဝင် တူကီယဲနိုင်ငံအတွင်း၌ အစ္စရေးသံအမှုထမ်းများရှိမနေခဲ့ကြောင်း အန်ကာရာမြို့ရှိ အစ္စရေးသံရုံးက ထုတ်ပြန်သည်။

အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများပြန်လည်စတင်ချိန်မှစ၍ အစ္စတန်ဘူလ်ရှိအဆိုပါကောင်စစ်ဝန်ရုံးတည်ရှိရာနေရာသည် ဆန္ဒပြမှုများ၏ ဗဟိုချက်ဖြစ်လာခြင်းကြောင့် တူကီယဲရဲတပ်ဖွဲ့က လုံခြုံရေးကိုတင်းကျပ်စွာချထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref: Xinhua**

# စစ်ရေးတောင်းဆိုချက်များကို လက်ခံရန်အတွက် နောက်ဆုံးသတ်မှတ်ချက်အား လိုက်နာခြင်းမရှိပါက အီရန်၏ယဉ်ကျေးမှုတစ်ခုလုံးပြိုကျပျက်စီးမည်ဟု ထရမ့်သတိပေး



ဝါရှင်တန်၊ စစ်ရေး

အီရန်နိုင်ငံအနေဖြင့် အမေရိကန်၏ စစ်ရေးတောင်းဆိုချက်များကိုလက်ခံရန် ပေးအပ်ထားသော နောက်ဆုံးသတ်မှတ်ချက်အား လိုက်နာခြင်းမရှိပါက အီရန်၏ ယဉ်ကျေးမှုတစ်ခုလုံး ပြိုကျပျက်စီးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဧပြီလ ၇ ရက်တွင် သတိပေးလိုက်သည်။

အမေရိကန်၏ တောင်းဆိုချက်ကို လိုက်နာခြင်းမရှိပါက အီရန်၏ယဉ်ကျေးမှုတစ်ခုလုံး ပြိုကျပျက်စီးသွားမည်ဖြစ်ပြီး မည်သည့်အခါမျှ ပြန်လည်ရရှိနိုင်မည်မဟုတ်ကြောင်း၊ အမေရိကန်အနေဖြင့် ထိုသို့လုပ်ဆောင်ရန် လိုလားခြင်းမရှိကြောင်း ထရမ့်က ၎င်း၏ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားဖော်ပြထားသည်။

သို့သော် အီရန်၏ယဉ်ကျေးမှုတစ်ခုလုံး ပြိုကျပျက်စီးသွားမည်ဟူသော ပြောဆိုမှုနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ထရမ့်ကထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း အမေရိကန်အနေဖြင့် အီရန်နိုင်ငံရှိတံတားများ၊ ဓာတ်အားပေးစက်ရုံများနှင့် အခြားအရပ်ဘက် အခြေခံအဆောက်အဦများကို ကျောက်ခေတ်သို့ ပြန်လည်ရောက်သွားသည်အထိ ဗုံးကြဲတိုက်ခိုက်နိုင်ကြောင်း ယခင်ကပြောကြားထားပြီးဖြစ်ကြောင်းသိရသည်။

အရှေ့အလယ်ပိုင်းမှ ရေနံနှင့်အခြားကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အရေးပါသော ရေလမ်းကြောင်းဖြစ်သည့် ဟော်မုဇ်ရေလက်ကြားကို အီရန်ကပိတ်ဆို့ထားခြင်းအား ရုပ်သိမ်းပေးရန် အမေရိကန်က ဧပြီလ ၈ ရက် နံနက် ၈ နာရီ နောက်ဆုံးသတ်မှတ်ရက်အဖြစ် ကြေညာထားကြောင်း သိရသည်။ **Ref: ST**

# အာဇဂန်နစ္စတန်ရှိ တောင်ကြားလမ်းတစ်ခုတွင် ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လမ်းမကြီးကိုပိတ်ထားခဲ့ရ

ကဘူးလ်၊ ရာသီဥတုပြောင်းလဲမှု

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်နှင့် နိုင်ငံမြောက်ပိုင်းဒေသများကို ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးရှိ တောင်ကြားလမ်းတစ်ခုတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေခြင်းကြောင့် လမ်းမကြီးကို ပိတ်ထားခဲ့ရကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုက ဧပြီလ ၇ ရက်တွင် ဖော်ပြသည်။

တောင်ကြားလမ်းဖြစ်သည့် ဆာလန်လမ်းမကြီးသည် ပြီးခဲ့သည့်ရက်ညပိုင်းမှစ၍ ဆီးနှင်းများထူထပ်စွာကျဆင်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မြူနှင်းများဖုံးလွှမ်းခြင်းတို့ကြောင့် ယာဉ်သွားလာမှုများကို ရပ်တန့်ထားရခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းကို အသုံးမပြုကြရန် အာဏာပိုင်အဖွဲ့က တိုက်တွန်းထားသည်။

ထို့ပြင် ကဘူးလ်မြို့နှင့် အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် နန်ဂါဟာ၊ လက်မန်၊ ကူနာနှင့် နူရစ်စတန်တို့နှင့် ဆက်သွယ်ထားသော လမ်းမကြီးမှာလည်း ပြီးခဲ့သည့် လေးရက်အတွင်း ယာဉ်သွားလာမှု ပိတ်ဆို့နေဆဲဖြစ်ကြောင်းသိရသည်။ **Ref:Xinhua**



## ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် အမြန်ရထားနှင့် ထရပ်ကားတစ်စီးဝင်တိုက်၊ တစ်ဦးသေဆုံးပြီး ၂၇ ဦး ဒဏ်ရာရ

ပဲရစ်၊ မတော်တဆမှု

ပြင်သစ်နိုင်ငံမြောက်ပိုင်း၊ ပါဒီကာလေးဒေသ၌ ဧပြီလ ၇ ရက်က အမြန်ရထားတစ်စင်းနှင့် ထရပ်ကားတစ်စီးဝင်တိုက်မိခဲ့ရာ ရထားမောင်းသူသေဆုံးပြီး အခြား ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါအမြန်ရထားသည် နိုင်ငံမြောက်ပိုင်းရှိ မြို့တစ်မြို့ဖြစ်သည့် ဒန်းကက်မှ မြို့တော်ပဲရစ်သို့ ဦးတည်မောင်းနှင်လာခြင်းဖြစ်ပြီး ဘူလီလေမိန်းမြို့ရှိ ရထားလမ်းကူးတစ်ခုတွင် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က ထရပ်ကားတစ်စီးနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါမီးရထားပေါ်တွင် ခရီးသည် ၂၄၃ ဦး လိုက်ပါလာပြီး ထရပ်ကားပေါ်တွင်မူ စစ်ဘက်သုံးပစ္စည်းများကို သယ်ဆောင်လာခဲ့ကြောင်းသိရသည်။

ဒဏ်ရာရရှိထားသူများအနက် နှစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

**Ref: ST, Xinhua**

# ရေနံနှင့်စွမ်းအင်ကဏ္ဍတွင် အဓိကအရေးပါသည့် ဆော်ဒီ၏ဂျူဘေးရေနံဓာတုအဆောက်အအုံကို အီရန်တိုက်ခိုက်

တီဟီရန်၊ စစ်ရေး

ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံနှင့်စွမ်းအင်ကဏ္ဍတွင် အဓိကအရေးပါသည့် ဂျူဘေးရေနံဓာတုအဆောက်အအုံကို အီရန်က တိုက်ခိုက်ခဲ့ကြောင်း အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဧပြီလ ၇ ရက်တွင် ကြေညာသည်။

အဆိုပါအဆောက်အအုံသည် ဒေါ်လာဘီလီယံနှင့်ချီတန်ဖိုးရှိသော ဖက်စပ်လုပ်ငန်းများတည်ရှိရာမြို့တစ်ခုဖြစ်သည်။ အဆိုပါ ဂျူဘေးစက်မှုမြို့တော်တွင် ဆော်ဒီအစိုးရပိုင် ဆော်ဒီအာရမ်ကို ရေနံကုမ္ပဏီ၊ ၎င်း၏ရေနံဓာတုလုပ်ငန်းခွဲတစ်ခုဖြစ်သည့် SABIC နှင့် အနောက်နိုင်ငံများမှ စွမ်းအင်ကုမ္ပဏီကြီးများအကြား ပူးပေါင်းဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်းကြီးများလည်း တည်ရှိကြောင်းသိရသည်။

ယခုလုပ်ဆောင်သည့် တိုက်ခိုက်မှုများသည် အီရန်နိုင်ငံရှိ ရေနံဓာတုစက်ရုံများအပေါ် တိုက်ခိုက်မှုများအတွက် တုံ့ပြန်ခြင်းဖြစ်ကြောင်း အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားထားသည်။



အီရန်က တိုက်ခိုက်ခဲ့သည့် ပစ်မှတ်များတွင် ပြီးခဲ့သည့်အပတ်က ပိတ်သိမ်းခဲ့ရသည့် Sadara ဓာတုပစ္စည်းကုမ္ပဏီအဆောက်အအုံအပါအဝင် ExxonMobil ကုမ္ပဏီပိုင် အဆောက်အအုံများလည်း ပါဝင်ကြောင်း သိရသည်။

နိုင်ငံ၏အရှေ့ပိုင်းဒေသသို့ ဦးတည်ပစ်ခတ်လာသည့် ပဲ့ထိန်းဒုံးကျည်ခုနစ်စင်းကို ဆော်ဒီလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ်ဖျက်ဆီးခဲ့သော်လည်း ကြားဖြတ်ဟန့်တားလိုက်သည့် ဒုံးကျည်အပိုင်းအစများသည် အဆိုပါဒေသရှိ စွမ်းအင်အဆောက်အအုံများအနီးသို့ ကျရောက်ခဲ့ကြောင်း ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနက အစောပိုင်းတွင် ထုတ်ပြန်ထားကြောင်းသိရသည်။ **Ref: ST**

# အာကာသနယ်ပယ်တွင် လွှမ်းမိုးနိုင်စွမ်းရှိသည့်နိုင်ငံကြီးအဖြစ် အခိုင်အမာတည်ဆောက်နေသည့် ရုရှား သို့မဟုတ် မော်စကိုမြေမှထွက်ပေါ်လာမည့် ရုရှားအာကာသဖိုရမ်

နိုင်အောင်

ရုရှားနိုင်ငံသည် မျက်မှောက်ကာလတွင် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်၍ အာကာသနယ်ပယ်တွင် လွှမ်းမိုးနိုင်စွမ်းရှိသည့် ထိပ်တန်းနိုင်ငံကြီးအဖြစ် အခိုင်အမာတည်ဆောက်နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

ရုရှားနိုင်ငံသည် အာကာသနယ်ပယ်တွင်ဦးဆောင်ဦးရွက်ပြုခြင်းကို ဆက်လက်ထိန်းသိမ်းသည့်အနေဖြင့် အာကာသဖိုရမ်တစ်ခုကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါ အာကာသဖိုရမ်ကို ဧပြီလ ၉ ရက်နေ့တွင် မော်စကိုမြို့၌ ကျင်းပမည်ဖြစ်သည်။ ရုရှားအာကာသဖိုရမ် (Russian Space Forum) ဟု အမည်ပေးထားသည့် အဆိုပါအခမ်းအနားသို့ နိုင်ငံပေါင်း ၄၀ မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း ရုရှား Roscosmos ၏သတင်းထုတ်ပြန်ချက်အရ သိရသည်။



ဖိုရမ်တွင် အဓိကပါဝင်မည့်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့အပြင် မြန်မာနိုင်ငံလည်းပါဝင်မည်ဖြစ်သည်။

ရုရှားနိုင်ငံသည် လကမ္ဘာစူးစမ်းလေ့လာရေးပြိုင်ပွဲတွင် တက်ကြွစွာပါဝင်လျက်ရှိပြီး တရုတ်နိုင်ငံနှင့်အတူ နိုင်ငံတကာသိပ္ပံဆိုင်ရာ လကမ္ဘာလေ့လာရေးစခန်းတည်ဆောက်ရေးအပါအဝင်စီမံကိန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၁၉၆၁ ခုနှစ် ဧပြီလတွင်စတင်ခဲ့သော ဆိုဗီယက်ယူနီယံ (ရုရှား) အာကာသယာဉ်မှူး ယူရီ ဂါဂါရင်၏သမိုင်းဝင်ခရီးစဉ်သည် အာကာသစူးစမ်းလေ့လာရေးတွင် အရေးအကြီးဆုံးမှတ်တိုင်တစ်ခု ဖြစ်လာခဲ့သည်။

မျက်မှောက်ကာလတွင်လည်း ရုရှားနိုင်ငံသည် အာကာသနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအပါအဝင်နိုင်ငံအများအပြား၏ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်လာခဲ့သည်။ ဧပြီလ ၉ ရက်နေ့တွင် မော်စကိုမြို့၌ကျင်းပမည့် ရုရှားအာကာသဖိုရမ်သည် အဆိုပါရည်မှန်းချက်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

အာကာသနယ်ပယ်အပြင်အခြားကဏ္ဍအများအပြား၌ ပူးပေါင်းဆောင်ရွက်နေသည့်ရုရှားနိုင်ငံ၏ အဓိကမိတ်ဖက်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ ၂၀၂၁ ခုနှစ်မှစ၍ တရုတ်အမျိုးသား အာကာသစီမံခန့်ခွဲမှုဌာနနှင့် ရုရှားအာကာသအေဂျင်စီ Roscosmos တို့သည် နိုင်ငံတကာ လကမ္ဘာလေ့လာရေးစခန်း တည်ထောင်ရန်သဘောတူညီခဲ့ကြပြီးဖြစ်သည်။

ယခင်က ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အဆိုပါစခန်းအတွက် စွမ်းအင်စနစ်တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ ထို့အတူပင် ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ၎င်းတို့၏ လကမ္ဘာလေ့လာရေးမစ်ရှင်များဖြစ်သည့် Luna-26 နှင့် Chang'e-7 တို့နှင့်စပ်လျဉ်း၍လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများရှိနေသော်လည်း ရုရှားနိုင်ငံသည် အာကာသနယ်ပယ်တွင် အမေရိကန်ပြည်ထောင်စုနှင့်ပူးပေါင်းဆောင်ရွက်နေဆဲဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် ရုရှားနှင့်အမေရိကန်တို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းထားသည့် တစ်ခုတည်းသော နည်းပညာကဏ္ဍဖြစ်သည်။

လက်ရှိအသုံးပြုနေသည့် နိုင်ငံတကာအာကာသစခန်းကို ၂၀၃၀ ပြည့်နှစ်တွင် ပတ်လမ်းကြောင်းအတွင်းမှ ဖယ်ရှားရန် စီစဉ်ထားသည်။ ထို့ကြောင့် အာကာသနယ်ပယ်တွင် တရုတ်အပါအဝင် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရုရှားနိုင်ငံအနေဖြင့်၎င်း၏ကိုယ်ပိုင်အာကာသစခန်းတစ်ခုကို တည်ဆောက်နိုင်မည့်အလားအလာကို ပိုမိုတိုးတက်လာစေနိုင်ပြီး အာကာသနယ်ပယ်တွင် ဦးဆောင်နိုင်ငံတစ်နိုင်ငံအဖြစ် အခိုင်အမာရပ်တည်စေနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

Ref: Iv

# ဂျပန်တွင် ဝက်ဝံများ၏တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးသူ စံချိန်တင်မြင့်တက်

**တိုကျို၊ မတော်တဆမှု**

ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဝက်ဝံများ၏တိုက်ခိုက်မှုကြောင့် လူ ၂၃၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ၁၃ ဦး သေဆုံးခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဧပြီလ ၇ ရက်တွင် ထုတ်ပြန်သည်။

ပြီးခဲ့သည့်နှစ်အတွင်း၌ ဝက်ဝံများ၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်သည် လွန်ခဲ့သည့် ၂၀၂၃ ခုနှစ်က အရေအတွက်နှင့်နှိုင်းယှဉ်ပါက အလွန်မြင့်တက်လာခဲ့သည်။ ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လူ ၂၁၉ ဦးခန့်သာ ဝက်ဝံများ၏တိုက်ခိုက်မှုကိုခံခဲ့ရကြောင်းသိရသည်။

ဂျပန်နိုင်ငံတွင် ဝက်ဝံများသည် ၂၀၂၅ ခုနှစ် နွေရာသီမှစတင်၍ လူသားများနေထိုင်ရာဒေသများသို့သိသာစွာဝင်ရောက်လာခဲ့ပြီး တိုက်ခိုက်မှု ၇၀ ရာခိုင်နှုန်းကျော်သည် မြို့ပြဒေသများ သို့မဟုတ် လူနေရပ်ကွက်များအနီးတွင်ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူများအကြား ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်းသိရသည်။

Ref: Xinhua




# Artemis II အာကာသယာဉ်၏ခရီးစဉ်က လူသားများ ကမ္ဘာမြေနှင့် အဝေးဆုံးသို့ခရီးသွားနိုင်ခဲ့သည့် ခရီးစဉ်အဖြစ် စံချိန်သစ်တင်



**လော့အိန်ဂျလိ၊ အာကာသနည်းပညာ**

အာကာသယာဉ်မှူးများကို တင်ဆောင်သွားသည့် Artemis II အာကာသယာဉ်၏ ခရီးစဉ်သည် လူသားများက ကမ္ဘာမြေနှင့် အဝေးဆုံး အာကာသအတွင်းသို့ ခရီးသွားနိုင်ခဲ့သည့် ခရီးစဉ်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါ Artemis II အာကာသယာဉ်သည် ယခင် Apollo 13 အာကာသယာဉ်က ရာစုနှစ်ဝက်ကျော်ကြာ ထိန်းသိမ်းထားနိုင်ခဲ့သည့် စံချိန်ဟောင်းကိုချိုးဖျက်၍ သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

Artemis II အာကာသယာဉ်သည် ဧပြီလ ၁ ရက်တွင် နာဆာမှ အာကာသယာဉ်မှူးများဖြစ်ကြသည့် ရိဝိုက်စမန်း၊ ဗစ်တာဂလက်ဗာနှင့် ခရစ်စတီနာကော့ချ် အပြင် ကနေဒါနိုင်ငံမှ ဂျယ်ရမီဟန်ဆင် တို့အား တင်ဆောင်၍အာသာသအတွင်းသို့ထွက်ခွာခဲ့ခြင်းဖြစ်သည်။ အဆိုပါအာကာသယာဉ်မှူးများလိုက်ပါသွားသည့်ခရီးစဉ်သည် ၁၉၇၀ ပြည့်နှစ်အတွင်း၌ Apollo 13 အာကာသယာဉ်က စံချိန်တင်ထားခဲ့သော ကမ္ဘာမြေမှ မိုင်ပေါင်း ၂၄၈၆၅၅ အကွာအဝေးစံချိန်ကို ကျော်ဖြတ်၍ ခန့်မှန်းခြေအရ ကမ္ဘာမြေမှ အများဆုံးအကွာအဝေး ၂၅၂၇၅၇ မိုင်အထိ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၁၀ ရက်ကြာမြင့်မည့် အဆိုပါအာကာသခရီးစဉ်အတွင်း အာကာသယာဉ်မှူးများသည် လကမ္ဘာကိုပတ်ပြီးနောက် Orion အာကာသယာဉ်ဖြင့် ကမ္ဘာမြေသို့ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။ Ref: RT

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ထားဝယ် မေ ၇

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦး ရှိသည့်အနက် ၂၇ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခံရသူက အဆိုပြုလာသည့် ပုဂ္ဂိုလ်ရှစ်ဦး၏အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ သဘောတူညီချက်ရယူရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံးက ကန့်ကွက်ရန်မရှိသဖြင့် အဆိုပါပုဂ္ဂိုလ်ရှစ်ဦးကို တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခံရသူက အမည်စာရင်းတင်သွင်းအဆိုပြုထားသည့် ဦးထိန်လင်းကျော်ကိုလည်းကောင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်ငွေငွေမြင့်ကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်ပိုက်ပိုက်အေးကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ဒေါ်အေးအေးသန်းနှင့် ဒေါ်ရင်ရင်သန်းတို့ကိုလည်းကောင်း သက်ဆိုင်ရာ ရာထူးအသီးသီး၌တာဝန်ပေးရန် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။



မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြကာ လွှတ်တော်၏အတည်ပြုချက်ရယူဆောင်ရွက်ရာ လွှတ်တော်က အတည်ပြုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေလ ၈ ရက် နံနက် ၁၀ နာရီတွင်ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

ပုသိမ် မေ ၇

တတိယအကြိမ်ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက ဝန်ကြီးဌာန ခုနစ်ခုတွင် ဝန်ကြီးဌာနအလိုက် ခန့်အပ်တာဝန်ပေးမည့် ဝန်ကြီး ခုနစ်ဦး အမည်စာရင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး / ကန့်ကွက်ခြင်းမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် တိုင်းရင်းသားရေးရာဝန်ကြီးနှစ်ဦး ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး လေးဦးကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအဆိုပြုချက်နှင့်စပ်လျဉ်း၍လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး/ကန့်ကွက်ခြင်းမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကိုရပ်နားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

မန္တလေး မေ ၇

တတိယအကြိမ်မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး ရှိသည့်အနက် ၇၁ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်ကိုခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီးများအဖြစ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးနေလင်းစိုး၊ ဦးသိန်းငွေး (လက်ရှိစီးပွားရေးရာဝန်ကြီး)၊ ချမ်းမြသာစည်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှကြွယ်၊ တံတားဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မိုးသက်၊ ဦးလှမျိုး (မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဌာနမှူး-ငြိမ်း)၊ စဉ့်ကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီဂီအောင်၊ ဦးခင်မောင်အေး (ဗိုလ်မှူးချုပ်-ငြိမ်း)၊ ရှမ်းတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်တို့ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက်လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်အဖြစ်ဦးလှသိန်းနှင့်မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးမြင့်ဆန်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်စိန်း၊ ဒေါ်ခင်သစ်ဆွေ၊ ဦးသန်းထွန်းအောင်၊ ဦးစောမျိုးမျိုးတို့ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အစည်းအဝေးပထမပိုင်းကို ခေတ္တရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ကို ရယူသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီးများအဖြစ်ဗိုလ်မှူးကြီးနေလင်းစိုး၊ ဦးသိန်းငွေး၊ ဦးလှကြွယ်၊ ဦးကျော်မိုးသက်၊ ဦးလှမျိုး၊ ဒေါ်သီဂီအောင်၊ ဦးခင်မောင်အေး၊ ဦးစိုင်းအောင်ကြည်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ်ဦးလှသိန်းနှင့်မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ယင်းနောက်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးမြင့်ဆန်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်စိန်း၊ ဒေါ်ခင်သစ်ဆွေ၊ ဦးသန်းထွန်းအောင်၊ ဦးစောမျိုးမျိုးတို့၏အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ကို ရယူကြောင်း သိရသည်။ **မြင့်မော်ထွန်း**



တရားမဝင် လာအိုနိုင်ငံသူ ၁ ဦးကို တွေ့ရစဉ်။

**❐ ကျောဖုံးမှအဆက်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်ခန့်တွင် တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၁၃၀၀၀ ခန့်အကွာ၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာနေရာသို့အရောက်၌ သွပ်မိုး၊ သွပ်ကာ၊

**စာမျက်နှာ ၂၈ သို့ ❐**



တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများအား တွေ့ရစဉ်။



တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများနှင့်ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။







တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့်ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



❐ စာမျက်နှာ ၂၇ မှအဆက်

သုံးထပ်သားပြားခင်းအဆောက်များဖြစ်သည့် အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ဆောင်သည့် အဆောင် ၁ လုံး၊ အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ရှိ ချက်ပြုတ်/စားဆောင်အပါ လူနေအိပ်ဆောင် ၁ လုံးနှင့် လုပ်ငန်းလုပ်ဆောင်သည့်အဆောင်၁လုံး၊အလျား၃၅ပေ၊ အနံ ပေ ၃၀ ရှိ စတိုဈေးဆိုင်အဆောင် ၁ လုံး၊ အလျား ပေ ၄၀၊ အနံ ၃၅ ပေရှိ ပစ္စည်းစတို ၁ လုံး၊ ပေ ၄၀ ပတ်လည် အိပ်ဆောင် ၂ လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ ဂိတ် ဝင်/ထွက်ဆောင် ၁ လုံးနှင့် အလျား ပေ ၆၀၊ အနံ ၅ ပေရှိ အိမ်သာအဆောက်အအုံ ၁ လုံး၊ စုစုပေါင်း အဆောက်အအုံ ၉ လုံးကို တွေ့ရှိရပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် နိုင်ငံအတွင်းတရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂၂ ဦးနှင့် အမျိုးသမီး ၃ ဦး၊ လာအိုနိုင်ငံသား အမျိုးသမီး ၁ ဦး၊ စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် ပစ္စည်းများဖြစ်သော မော်နီတာ ၁၂၀ လုံး၊ System ပုံး ၉၇ လုံး၊ All in One Computer ၄၆ လုံး၊ Star Link ၁၂ လုံး၊ ဝိုင်ဖိုင်စက် ၁၂ လုံး၊ ဖုန်းမျိုးစုံ ၁၀၅ လုံးနှင့် မီးစက်ကြီး ၁ လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်း လိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(၁၀၀)





တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများအား တွေ့ရစဉ်။



ဖမ်းဆီးရမိသည့် ဝိုင်ဖိုင်စက်များအား တွေ့ရစဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ပန်ကူရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦးထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် ဧပြီ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများစနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့်ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦးကိုပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၀ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ အပြစ်ပေးအရေးယူခဲ့သည့်ပြည်ပနိုင်ငံသား ၇၄၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၉ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


(၁၀၀)

---

● **ကျောပုံးမှအဆက်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းချနေသူများရောက်ရှိနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက် နံနက် ၈ နာရီ ၃၀ မိနစ်ခန့်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၄(ဘီ)လမ်း၊ ၁၂၈ x ၁၂၉ လမ်းကြား၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူများဖြစ်သည့် **အောင်ကျော်စိုးနှင့်**ဇနီးဖြစ်သူ **သူဇာသန်း(ခ)သီတာတို့အားဖမ်းဆီးရမိခဲ့ပြီး** အမရပူရမြို့နယ်၊ ဒေါင်းရွေးကျေးရွာရှိ ၎င်းတို့၏ နေအိမ်အားသွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား(ဇွဇ)ဒသမ ၂ သိန်းပြား(ခန့်မှန်းတန်ဖိုး ၁ ပြားလျှင်ငွေကျပ် ၁၅၀၀)၊ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုး ၁ ကီလိုဂရမ်လျှင် ငွေကျပ်သိန်း ၂၅၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၁၅ ဒသမ ၀၂ ဘီလီယံခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နေ အိုက်ချွမ်(ဖမ်းဆီးရန်ကျန်)က မူးယစ်ဆေးဝါးများကို မန္တလေးမြို့အတွင်း ပြန်လည်ရောင်းချရန် ၎င်း၏အစီအစဉ်ဖြင့် အမရပူရမြို့နယ်၊ ဒေါင်းရွေးကျေးရွာရှိ **အောင်ကျော်စိုး**နှင့် ဇနီးဖြစ်သူ သူဇာသန်း(ခ)သီတာတို့၏ နေအိမ်သို့ပို့ဆောင်ပေးခဲ့ကြောင်း၊ အိုက်ချွမ်(ဖမ်းဆီးရန်ကျန်) ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများကို **အောင်ကျော်စိုး**နှင့် ဇနီးဖြစ်သူ သူဇာသန်း(ခ)သီတာတို့က မန္တလေးမြို့တွင်ပြန်လည်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရှိရသည်။



တရားခံ အောင်ကျော်စိုး
၅၀ နှစ်



တရားခံ သူဇာသန်း(ခ)သီတာ၊ ၄၇ နှစ်
(အောင်ကျော်စိုး၏ဇနီး)



ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားထုပ်ပိုးမှုပုံစံကို တွေ့ရစဉ်။

အဆိုပါ မူးယစ်ဆေးဝါးနှင့်အတူဖမ်းဆီးရမိသူများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်စပ်ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ပျက်စီးဒုက္ခရောက်စေနိုင်သော မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအားလျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


STARMART Showroom
Kha Yae Pin Mart
STARMART nine mile Showroom
RHINO
EXPORT QUALITY
Lemon Tea


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး
ရွှေဖီဦး
Lemon Tea
Tea mix
Black Tea
SHWE PHE OO
Vitamin C
FDA အမှတ်
၈၄/ ၁၄၀၉၁/ထလ
ASEAN-OSHNET AWARD
Best Practices Award
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


Lpm
LANN PYI MARINE
COMPANY LIMITED
AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ **နိုင်ငံတော်အနေဖြင့် လူမှုစီးပွားရေးကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ရေတို/ရေရှည်စီမံကိန်းများသတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ် . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပြုလုပ်သော အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား (၁၂၆) ဦးအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား(၁၂၆) ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

**စာမျက်နှာ ၂၇ ကော်လံ ၁ ❐**



တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများအား တွေ့မြင်ရစဉ်။

**ဆောင်းပါး**

**တန်ဖိုးထားထိန်းသိမ်းရမည့် သဘာဝပတ်ဝန်းကျင်**

စာ - ၁၃ သို့

**အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသားငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့**

စာ - ၂၉ သို့

# မြန်မာ့မီးရထားအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားများတိုးချဲ့ပြေးဆွဲပေးမည်

နေပြည်တော် ဧပြီ ၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင်အဆန်အထူး DEMU (စပိန်) ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာပြီး နေပြည်တော်သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူး DEMU(စပိန်)ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁၂ နာရီခွဲတွင်စတင်ထွက်ခွာပြီး

**စာမျက်နှာ ၈ ကော်လံ ၁ ➲**

# မန္တလေးမြို့၌ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စု တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သုံးစွဲမှုများကို စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၂၉ ကော်လံ ၁ ●**



၂၀၂၆ ခုနှစ် ဧပြီလ ၆ ရက်တွင် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာ၌ တရားခံနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ဒသမ ၂၂ သိန်းပြား၊ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုဂရမ်၊ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်ကို တွေ့ရစဉ်။

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar